စိတ်ကူးချိုချိုအနုပညာ

# ဦးနု

## လူငယ်တို့သိကောင်းစရာ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com



image: frederic-perez-unsplash

# ဦးနု

## လူငယ်တို့သိကောင်းစရာ

ISBN 9789997117229
UNU20
9 789997 117229
3,000.00KS

mgyoe.com

လူငယ်တို့ သိကောင်းစရာ၊ ဦးနု
စာမျက်နှာ ၂၇၁+ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁၊ ရတနာပုံစာအုပ်တိုက်၏ ပထမအကြိမ်မှ

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# လူငယ်တို့ သိကောင်းစရာ

ဦးနု

ဒုတိယအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ပြည်တော်ထိန်းကျင့်စဉ် ၁

- နယ်ချဲ့အကြံ ၂
- ပြည်တွင်းရေး ဝင်စွက်ခြင်း ၃
- သစ္စာမတည် ၅

၂။ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ ၆

၃။ အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ ၁၀

- အညံ့မခံ အသေခံမည် ၁၂
- သေနတ်နောက်မှ စီးပွားရေး ၁၃
- ခေတ်ပြောင်း မင်းတုန်းဘုရင် ၁၅

၄။ အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲ ၁၉

- သစ်ခိုးမှုကြီး ၂၁
- ပါတော်မူပြီ ၂၆
- ကျွန်မခံလို အသက်သာအသေခံမည် ၂၇

၅။ တိုင်းတစ်ပါးအောက် ကျွန်သပေါက် ၃၄

- သွေးစုပ်စနစ် အမြစ်တွယ်ပြီ ၃၅
- ဗျူရိုကရေစီ ယန္တရား ၃၈


mgyoe.com

mgyoe.com


- ချစ်တီးများ ၄၁
- ပညာရေး ၄၂
- လူမှုဆက်ဆံရေး ၄၄
၆။ အမျိုးသားများ နိုးကြားစပြုပြီ ၄၆
- ဝိုင်အမ်ဘီအေအသင်း ၄၇
- မွန်တေဂူ ချမ်းစဖို့ဒ်စနစ် ၄၉
- ကရက်ဒေါက်စနစ် ၅၀
- အင်္ဂလန်သို့ ကိုယ်စားလှယ်လွှတ်ပြီ ၅၁
- ဂျူဗလီအစည်းအဝေးကြီး ၅၂
၇။ ၁၉၂၀ ပြည့်နှစ် အရေးတော်ပုံ ၅၅
- ဦးဥတ္တမ ဆရာတော် ၅၅
- ဝိုင်အမ်ဘီအေမှ ဂျီစီဘီအေသို့ ၅၇
- ရန်ကုန်ယူနီဗာစတီသပိတ် ၅၉
- ပါလီမန် အတုအယောင်များ(ဒိုင်အာခီခေတ်) ၆၁
- ဘူးအသင်းများ ၆၃
- မန္တလေးအဓိကရုဏ်း ၆၄
- ရန်ကုန်အဓိကရုဏ်း ၆၅
- ဦးဝိစာရ ဆရာတော် ၆၆
၈။ တောင်သူလယ်သမားခေါင်းဆောင် ဆရာစံ ၆၉
- လူခွန်တော်နှင့် သဿမေဓစုံစမ်းရေးကော်မရှင် ၇၀
- စီးပွားရေးကပ်ပျက် ၇၂
- ခွဲရေးတွဲရေး ၇၄
- ဘိလပ်မျက်နှာစုံညီ အစည်းအဝေးကြီး ၇၅
- သခင်ပါတီနှင့် ကျောင်းသားသပိတ် ၇၇


mgyoe.com

mgyoe.com


- ကျောင်းသားသပိတ် ၇၈
- ၉၁ ဌာန အုပ်ချုပ်ရေး ၇၉
- ဘုရင်ခံ၏ ဗီတိုအာဏာ ၈၀

၉။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ ၈၂
- ရေနံမြေသပိတ် ၈၂
- ဗိုလ်အောင်ကျော် ကွယ်လွန်ရှာပြီ ၈၃
- မန္တလေးအာဇာနည် ၁၇ ဦး ၈၄
- ဒုတိယကမ္ဘာစစ်နှင့် မြန်မာနိုင်ငံ ၈၅
- ဗမာ့ထွက်ရပ်ဂိုဏ်း ၈၅
- ဂျပန် ဝင်လာပြီ ၈၇
- ဂျပန်ပေးသော လွတ်လပ်ရေး ၈၉

၁၀။ ဖဆပလအဖွဲ့ကြီး ၉၁
- တော်လှန်ရေးစပြီ ၉၂
- စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးတိုက်ပွဲ ၉၂
- နေသူရိန်ဆုံးဖြတ်ချက် ၉၃
- ပြည်လုံးကျွတ် အစည်းအဝေးကြီး ၉၃
- ပြည်လုံးကျွတ်သပိတ်ကြီး ၉၄
- ပင်လုံကွန်ဖရင့် ၉၅
- ပင်လုံစာချုပ်ကြီး(ပြည်ထောင်စုနေ့) ၉၇
- ဗိုလ်ချုပ် ကျဆုံးရှာပြီ ၉၉

၁၁။ လွတ်လပ်ရေးတိုက်ပွဲ၏ မီးရှူးတန်ဆောင်ကြီးများ ၁၀၀
- ဟောကိန်းဆရာများ ၁၀၀
- လွတ်လပ်ရေး မထိုက်တန်တဲ့ ၁၀၁
- ရန်များ ဝိုင်းအုံပြီ ၁၀၂


mgyoe.com

mgyoe.com


– ရန်ကုန်အစိုးရ ၁၀၅
– နိုင်ငံခြားသတင်းစာများအာဘော် ၁၀၅
– ချောက်ထဲကျရန် လက်နှစ်လုံးမျှလိုသောအချိန် ၁၀၇
၁၂။ ဒေါင်းစိုင်းသွားသော နိုင်ငံများ ၁၀၈
– ဂရိအရေး ၁၀၈
– အစ္စရေးနိုင်ငံ ၁၀၉
– ကိုရီးယားအရေး ၁၁၀
– ဟန်ဂေရီအရေး ၁၁၁
– ကွန်ဂိုအရေး ၁၁၂
– ကျေးဇူးတော့ပြန်ပါ ၁၁၅
– ရင်ကော့ခေါင်းမော့နိုင်ရန် ၁၁၆
– အရှေ့တိုင်းတွင် အပျက်စီးဆုံးနိုင်ငံ ၁၁၈
– ရောဂါမငုပ် ၁၁၉
၁၃။ အနာဂတ်ကို ရင်ဆိုင်ရန် ၁၂၁
– လက်ဆောင်ကောင်းတစ်ခု ၁၂၂
– ပျက်စီးခဲ့သော နိုင်ငံများ ၁၂၃
– ပြင်သစ်တော်လှန်ရေး ၁၂၃
– ရုရှားတော်လှန်ရေး ၁၂၉
– တရုတ်ပြည်တော်လှန်ရေး ၁၃၅
– သမ္မတမှ အာဏာရှင်သို့ ၁၃၆
– ကွန်မြူနစ်ဘက်သို့ ယိုင်ပြီ ၁၃၇
– အိမ်ထောင်စုကြီးလေးစု ၁၃၉
၁၄။ ကွန်မြူနစ်နိုင်ငံ ဖြစ်လုနိုင်ငံများ ၁၄၂
– အိဂျစ်နိုင်ငံ ၁၄၂


mgyoe.com

mgyoe.com


– အီရတ်နိုင်ငံ ၁၄၄
– တောင်အမေရိကနိုင်ငံများ ၁၄၅
– စစ်အာဏာရှင်များ ၁၄၆
– အာဂျင်တီးနား ၁၄၈
– ဖောက်ပြန်လာသော ပီရွန် ၁၄၈
– အာဏာသိမ်းပွဲ ကစားနည်းတစ်မျိုး ၁၄၉
– ကိုလံဘီယာနိုင်ငံ ၁၅၀
– ဂွါတီမာလာနိုင်ငံ ၁၅၁
– ကျူးဘားနိုင်ငံ ၁၅၁
– ခြိမ်းခြောက်အာဏာယူခြင်း ၁၅၂
– ဗိုလ်ပေါ်ဗိုလ်ကျပြီ ၁၅၂

**၁၅။ နိုင်ငံများ ဘာကြောင့်ပျက်စီးရသလဲ ၁၅၅**
– အာဏာ ၁၅၆
– အဖသတ်သားများ ၁၅၇
– အဖေကိုပုန်ကန်သော မင်္ဂိမင်းများ ၁၅၇

**၁၆။ မင်းကျင့်တရား ဆယ်ပါး ၁၆၀**
– အလှူပေးခြင်း ၁၆၁
– ဇာတ်တော်အလာ ၁၆၁
– မွတ်စလင်တို့ ကျင့်စဉ် ၁၆၃

**၁၇။သီလဆောက်တည်ခြင်း ၁၆၅**
– သီလကြောင့် အသက်ရှည်ခြင်း ၁၆၆
– ရာဇဝင်မှ သင်ခန်းစာများ ၁၇၁

**၁၈။ ပေးကမ်းစွန့်ကြဲခြင်း ၁၇၃**
– နှစ်ဦးနှစ်ဝအကျိုး ၁၇၆


mgyoe.com

mgyoe.com

၁၉။ ဖြောင့်မတ်ခြင်း ၁၇၇
– လူငယ်အပေါင်းတို့ ၁၈၀
– ဥပဒေမျက်နှာကိုသာ ကြည့်ပါ ၁၈၄
– အစိုးရဆိုတာ ဘာလဲ ၁၈၅
– အာဏာရ နိုင်ငံရေးပါတီဝင်များ ၁၉၀
– နိုင်ငံရေးခေါင်းဆောင်ဖြစ်ရန် အရည်အချင်း ၁၉၁
၂၀။ နူးညံ့သိမ်မွေ့ခြင်း ၁၉၃
– မဟတ္တမဂန္ဒီထုံး ၁၉၅
– မေတ္တာဖြင့်သာ အောင်စေရာ ၁၉၅
– ဘုရား၏သိမ်မွေ့ခြင်း ၁၉၈
– နူးညံ့သောစကား တိရစ္ဆာန်ပင်ကြိုက်၏ ၁၉၉
– ခြသေ့်ကြီး နိရိ ၂၀၀
– နိတိကျမ်းလာ မှတ်စရာ ၂၀၂
၂၁။ ငြိမ်းချမ်းစွာ ကျင့်ခြင်း ၂၀၄
– သာဓိနမင်းနှင့် နေမိမင်း ၂၀၅
– ပညတ်တော် ဆယ်ပါး ၂၀၆
– ရှေ့လိုချင်သော ဘုရင်ကြီး ၂၀၈
၂၂။ အမျက်မထွက်ခြင်း ၂၁၁
– ရန်မလိုသော ဒီဃာဝုမင်းသား ၂၁၃
– ဆင်ဖြူတော်ဆုံးရသော မင်း ၂၁၄
– ဒေါသကြီးသော မဟာပတာပမင်း ၂၁၆
– ပုဂံမှ နရပတိစည်သူ ၂၁၇
၂၃။ ပြည်သူပြည်သားတို့ကို မညှဉ်းဆဲခြင်း ၂၂၀
– ပြည်သူတို့၏ အင်္ဂါကြီးငါးရပ် ၂၂၀

mgyoe.com

mgyoe.com

– မြေမျိုခံရသော နာဋ္ဌိကေရမင်း ၂၂၂
– မဟာပိင်္ဂလမင်း နတ်ရွာစံ၍
ပြည်သူတို့ဝမ်းမြောက်ခြင်း ၂၂၃
– ဆိုးသွမ်းသော ဝိဇယမင်းသား ၂၂၅
– စလေငခွေး အသေဆိုးပုံ ၂၂၇
– သိုဟန်ဘွား ပျက်စီးပုံ ၂၂၈
၂၄။ သည်းခံခြင်း ၂၃၁
– မဟာပုဏ္ဏထေရ်လျှောက်ခန်း ၂၃၃
– စစ်မထိုးဘဲ ဓာတ်တော်များဝေယူခဲ့ကြပုံ ၂၃၄
– ပါရှားမင်းသားများ ပညာသင်ကြားပုံ ၂၃၈
– သူခိုးကြီး တေကက်ပြား ၂၃၉
၂၅။ ပြည်သူပြည်သားတို့နှင့် မဆန့်ကျင်ခြင်း ၂၄၂
– ပြည်သူတို့ ကျိန်ဆဲသောပဉ္စာလမင်း ၂၄၄
– ပြည်သူတို့နှင့် ဆန့်ကျင်သော ချားလ်(စ) ဘုရင် ၂၄၈
– ကုရုဇာတ် ၂၅၄
– အိတ်ပေါက်နှင့် ဖားကောက်သလို ၂၅၆
– လူငယ်အပေါင်းတို့ ၂၅၉
– ဦးနု (၁၉၀၇–၁၉၉၅) ၂၆၁
အတ္ထုပ္ပတ္တိအကျဉ်း

❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com


## ပြည်တော်ထိန်းကျင့်စဉ်

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့မှစ၍ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်လာပြီးလျှင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာခဲ့ပေသည်။ ဤကဲ့သို့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု တည်ထောင်ဖြစ်ပေါ်လာပုံမှာ မတော်တဆ ဖြစ်ပေါ်ခဲ့သည်လည်း မဟုတ်၊ မိုးကောင်းကင်ပေါ်မှ သိကြားဗြဟ္မာဒေဝါ အပေါင်းတို့က ရွှေယူတော့ဟုဖန်ဆင်းပေး၍ ရရှိခဲ့သည်လည်းမဟုတ်၊ ကျွန်ုပ်တို့ ဘိုးဘွားများ၊ မိဘများသဖွယ်ဖြစ်သော အာဇာနည်မျိုးချစ် ပုဂ္ဂိုလ်ကြီးများက အသက်စည်းစိမ် အပြုတ်ခံ၊ ထောင်တန်းအကျခံ၊ ကြိုးမိန့်ကြိုးဒဏ်ခံ စသော ဒုက္ခဆင်းရဲအမျိုးမျိုးကိုခံကာ သွေးဖြင့်ချွေးဖြင့် ရင်းနှီးယူဆောင်ပေးခဲ့သောကြောင့် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပေသည်။

ထိုအာဇာနည်မျိုးချစ် ပုဂ္ဂိုလ်ကြီးများသည် မြန်မာ့လွတ်လပ်ရေး အတွက် မည်သို့မည်ပုံ ကြိုးစားဆောင်ရွက်ခဲ့ကြပုံများကို မဖော်ပြမီ မြန်မာ နိုင်ငံတော်သည် မိမိ၏အချုပ်အခြာအာဏာပိုင်ခွင့် ဆုံးရှုံးခဲ့ရပုံများနှင့်

mgyoe.com

mgyoe.com


တိုင်းတစ်ပါးသားတို့၏ လက်အောက်တွင် အနှစ်တစ်ရာနီးပါးခန့် ကျွန် သပေါက်ဘဝနှင့် နေခဲ့ရပုံများကို အကျဉ်းချုံး၍ ဖော်ပြလိုပေသည်။

## နယ်ချဲ့အကြွ

ခရစ် ၁၄၉၇ ခုနှစ်တွင် ပေါ်တူဂီလူမျိုး ဗာစကိုဒဂါးမားဆိုသူသည် အိန္ဒိယသမုဒ္ဒရာကြီးကို ဖြတ်ကျော်၍ ဥရောပတိုက်မှ အရှေ့နိုင်ငံများသို့ သွားရာ ရေလမ်းခရီးကို စတင်တွေ့ရှိခဲ့လေသည်။ ထို့နောက်ပိုင်းတွင် ကား ဒတ်(ချ်) လူမျိုး၊ အင်္ဂလိပ်လူမျိုး၊ ပြင်သစ်လူမျိုးစသော ဥရောပ တိုက်သားတို့သည် အရှေ့တိုင်းများသို့ အလျှိုအလျှို ရောက်ရှိလာကြ လေသည်။ သူတို့သည် ကျွန်ုပ်တို့မြန်မာနိုင်ငံအပါအဝင် အရှေ့နိုင်ငံများ သို့ ရောက်လာခဲ့ကြသည်မှာ ပျော်ပွဲစား ဘုရားဖူး ထွက်လာခဲ့ကြသည် မဟုတ်။ ဝိသမလောဘလျှင် အကြောင်းခံရှိသော ကုန်စည်ကူးသန်းရေး၊ စားကျက်သစ်ရှာရေး၊ နယ်ပယ်ချဲ့ထွင်ရေး ကိစ္စများအတွက် လာရောက် ကြခြင်းဖြစ်၏။

ထိုသို့လာရောက်ကြပြီးနောက် မိမိတို့ရောက်ရှိရာ နိုင်ငံနယ်ပယ်တို့ ၏ဘုရင်၊ မြို့စားအစရှိသော အကြီးအမှူးတို့ထံမှ မြေနေရာကွက်များကို အသနားခံ တောင်းယူ၍လည်းကောင်း၊ လက်ဆောင်ပဏ္ဏာများ ပေး၍ လည်းကောင်း၊ လက်နက်အားကိုးဖြင့် တိုက်ခိုက်၍လည်းကောင်း အရယူ ကြပြီးနောက် ရှေးဦးစွာ ကုန်တိုက်စသည်တို့ကို တည်ဆောက်ကာ အခြေ တည်ကြလေသည်။

ယင်းသည့်နောက်တွင် သူတို့ခိုလှုံနိုင်သောနိုင်ငံ ပြည်တွင်းရေးများ တွင် တဖြည်းဖြည်း မသိမသာ ဝင်ရောက်စွက်ဖက် လာကြလေတော့ သည်။ ဥပမာအားဖြင့် ပြည်တွင်းရှိနယ်စားအချင်းချင်း မသင့်မတင့်သည့် အခါတွင် လည်းကောင်း၊ ဘုရင်နှင့်ညီတော်၊ သားတော်၊ မြို့စား၊ နယ်စား

mgyoe.com

mgyoe.com


များ မသင့်မတင့်ဖြစ်ကြသည့်အခါတွင် လည်းကောင်း၊ မိမိတို့၏ အခွင့်အရေး သာမည့်ဘက်သို့လိုက်၍ အားပေးအားမြှောက် ပြုကြသည်။ ထိုသို့အချင်းချင်း စစ်ပြိုင်တိုက်ခိုက်ကြသဖြင့် နှစ်ဦးနှစ်ဖက်စလုံး အားအင်နည်းပါး လာသောအခါ ထိုအားအင်နည်းပါးလာသော ပြည်နယ် သို့မဟုတ် တိုင်းပြည်ကို တစ်နည်းနည်းအားဖြင့် အနေးနှင့်အမြန် မိမိတို့လက်တွင်းသို့ သက်ဆင်းရလေအောင် ပြုမူလေကြတော့၏။

ခရစ် ၁၅၉၉ ခုနှစ်တွင် အင်္ဂလိပ်တို့က အရှေ့ဘက်နိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ရန်ဟုဆိုကာ အရှေ့အိန္ဒိယကုမ္ပဏီကို စတင်တည်ထောင်ခဲ့လေသည်။ ၁၆၀၂ ခုနှစ်တွင် ဒတ်(ချ်) လူမျိုးတို့ကလည်း အရှေ့အိန္ဒိယကုမ္ပဏီအမည်ဖြင့် တည်ထောင်လိုက်ကြသည်။ ၁၆၀၄ ခုနှစ်တွင် ပြင်သစ်တို့က တစ်ဖန် ယင်းနည်းနှင့်ပင် ကုမ္ပဏီတည်ထောင်ပြန်သည်။ ထိုအချိန်တွင် ပေါ်တူဂီလူမျိုးတို့သည် အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေရှိ ဂိုအာမြို့ကို တိုက်ခိုက်သိမ်းယူထားသည်မှာပင် နှစ်ပေါင်းတစ်ရာခန့်ရှိလေပြီ။

ခရစ် ၁၅၁၉ ခုနှစ်တွင် ပေါ်တူဂီတို့သည် မုတ္တမမြို့၌ ကုန်တိုက်ခွဲတစ်ခု စတင်ဖွင့်လှစ်ခဲ့၏။ ခရစ် ၁၆၂၇ ခုနှစ် (အနောက်ဘက်လွန်မင်းတရားကြီးလက်ထက်) တွင် အင်္ဂလိပ်လူမျိုးတို့ပိုင် အရှေ့အိန္ဒိယကုမ္ပဏီနှင့် ဒတ်(ချ်) လူမျိုးတို့ပိုင် အရှေ့အိန္ဒိယကုမ္ပဏီတို့က မြန်မာနိုင်ငံ၌ ဆိုင်ခွဲကလေးများဖွင့်၍ ရောင်းဝယ်ဖောက်ကားကြသည်။ သန်လျင်၊ အင်းဝ၊ ဇန်းမော်နှင့်ပြည်မြို့တို့တွင် အင်္ဂလိပ်ဆိုင်ခွဲများရှိ၍ ဒတ်(ချ်)ဆိုင်ခွဲများလည်း သန်လျင်၊ ပဲခူးနှင့် အင်းဝမြို့များတွင် ရှိလေသည်။

## ပြည်တွင်းရေး ဝင်စွက်ခြင်း

ကာလအတန်ငယ်ကြာလတ်သော် အထက်တွင်ဖော်ပြခဲ့သည့်

mgyoe.com

mgyoe.com


အတိုင်း မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုကုန်သည်တစ်စုတို့သည် မြန်မာနိုင်ငံပြည်တွင်းရေးများတွင် ဝင်ရောက်စွက်ဖက် လာကြလေတော့သည်။

သက္ကရာဇ် ၉၀၂ ခုခန့်တွင် တပင်ရွှေထီး မုတ္တမကို ချီတက်တိုက်ခိုက်စဉ် မုတ္တမစားဘက်မှ ပေါ်တူဂီလူမျိုး အမြောက်အမြား ပါဝင်တိုက်ခိုက်ခဲ့လေသည်။ ထိုအချိန်လောက်မှာပင် ရခိုင်ပြည်ဘက်တွင်လည်း ပေါ်တူဂီများသည် ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်ရုံမျှမက ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းယူရန်ပင် ကြိုးစားခဲ့ကြသည်။ သို့ရာတွင် ရခိုင်လူမျိုးများက သတ္တိပြောင်ပြောင်ဖြင့် ဖိနှိပ်လိုက်သောအခါမှ ပေါ်တူဂီများအည့္ခံ၍ ရခိုင်ဘုရင်အောက်တွင် အမှုထမ်းလာခဲ့လေသည်။ ဖိလစ်ဒီဘရစ်တို (ခေါ်) ငဇင်ကာမှာ ရခိုင်ဘုရင်မင်းရာဇာကြီး၏ ကျွန်ယုံအမှုထမ်း ဖြစ်လေသည်။ မင်းရာဇာကြီးက သန်လျင်မြို့တွင် မိမိတို့၏ကိုယ်စားလှယ်အဖြစ် ထားခဲ့စဉ် ရခိုင်သားတို့ကိုမောင်းထုတ်၍ ခံတပ်နှင့်အကောက်တိုက် အပိုင်စီးလိုက်ပြီးလျှင် သန်လျင်ကို သိမ်းပိုက်လေတော့သည်။ ဒီဘရစ်တိုသည် သန်လျင်မြို့ကိုခြေကုပ်ရလျှင် မုတ္တမစားနှင့်ပေါင်း၍ တောင်ငူကိုပင် တိုက်ခိုက်လိုက်သေး၏။ ဒီဘရစ်တိုကား မြန်မာရာဇဝင်ကို ဇာတ်ရှုပ်အောင် လုပ်ခဲ့သူတစ်ဦးဖြစ်သည်။

ခရစ် ၁၈၇ ခုနှစ်(မြန်မာ ၁၀၄၉)ခုနှစ်ခန့် ဝမ်းဘဲစံမင်းလက်ထက်တွင် မြန်မာနှင့်မွန်တို့ တိုက်ခိုက်နေကြသဖြင့် တိုင်းပြည်မငြိမ်မသက်ရှိနေစဉ်အတွင်း အင်္ဂလိပ်ပိုင်အရှေ့အိန္ဒိယကုမ္ပဏီသည် လက်နက်အလုံးအရင်းနှင့် ပုသိမ်မြို့အနီးရှိ ဟိုင်းကြီးကျွန်းကို အတင်းတိုက်ခိုက်သိမ်းယူလိုက်လေသည်။

mgyoe.com

mgyoe.com


## သစ္စာမတည်

အလောင်းမင်းတရားကြီးလက်ထက် မွန်နှင့်မြန်မာတို့ အခင်းပွားကြလေရာ၊ အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် တစ်ခါတစ်ရံတွင် မြန်မာတို့ဘက်မှ ကူညီကြပြီးလျှင် တစ်ခါတစ်ရံတွင် မွန်ပ်ုဘက်မှ ကူညီကြလေသည်။ သူတို့သည် သာမည်ထင်သည့်ဘက်သို့ ပြောင်းလဲအားပေးတတ်ကြသဖြင့် မွန်လူမျိုးနှင့် မြန်မာလူမျိုးနှစ်ဖက်လုံးက မယုံမကြည်ဖြစ်လာကြလေသည်။

နောက်ဆုံး၌ အင်္ဂလိပ်တို့ သစ္စာမစောင့်စည်းကြောင်းကို ကောင်းစွာသိရှိလာသောအခါ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်ခံတပ်နှင့် ကုန်တိုက်တို့ကို တိုက်ခိုက်ဖျက်ဆီးစေလေသည်။

အင်္ဂလိပ်မြန်မာစစ်ပွဲကြီးများ မဖြစ်ပွားမီ အချိန်ကပင် မြန်မာနိုင်ငံသို့ ရောက်ရှိနေကြသော ဥရောပတိုက်သားတို့သည် မြန်မာနိုင်ငံအပေါ်၌ မည်သို့မည်ပုံ သဘောထားခဲ့ကြပုံကို ဤမျှနှင့်ပင် သိလောက်ပေပြီ။

❖

mgyoe.com

mgyoe.com


## အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ

ဘိုးတော်မင်းတရား (ဗဒုံမင်း) လက်ထက် သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် မြန်မာတို့က ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းယူခဲ့လေသည်။ ထိုအချိန်က ရခိုင်နှင့်နယ်ချင်းစပ်သော ဘင်္ဂလားပြည်နယ်မှာ အင်္ဂလိပ်တို့ပိုင်ဆိုင်ပြီး ဖြစ်လေသည်။

အင်္ဂလိပ်တို့၏ အရှေ့အိန္ဒိယကုမ္ပဏီသည် အိန္ဒိယနိုင်ငံသို့ ပြည်နယ်များအရေးတွင် ဝင်ရောက်စွက်ဖက်ကာ ကိုယ်ပိုင်စစ်တပ်များနှင့် နယ်ချဲ့လုပ်ငန်းများကို လုပ်ကိုင်ခဲ့လေသည်။ အလောင်းမင်းတရား ဟိုင်းကြီးကျွန်းကို တိုက်ခိုက်ဖြိုဖျက်လိုက်သည့် အချိန်ခန့်တွင် အင်္ဂလိပ်တို့သည် ပေါ်တူဂီနှင့် ပြင်သစ်လူမျိုးများကို မောင်းထုတ်ကာ အိန္ဒိယပြည်ရှိ အချက်အချာနယ်မြေများကို ပိုင်ဆိုင်ပြီးဖြစ်လေသည်။

ရခိုင်ပြည်ကို မြန်မာတို့က တိုက်ခိုက်သိမ်းယူသဖြင့် ရခိုင်လူမျိုးတို့ မကြာခဏ ထကြွပုန်ကန်ကြလေသည်။ မြန်မာတို့က ပုန်ကန်သူများကို လိုက်လံနှိမ်နင်းသည့်အခါ သူပုန်များသည် အင်္ဂလိပ်ပိုင် ဘင်္ဂလားနယ်ထဲသို့ ပြေးဝင်ခိုလှုံကြသည်။ မြန်မာတို့က ထိုသူပုန်များကို ပေးအပ်

mgyoe.com

mgyoe.com


ရမည်ဟု ပြောဆိုသည့်အခါ အင်္ဂလိပ်တို့က ပေးအပ်ရိုးထုံးစံမရှိဟု ဆို လေသည်။ ထိုအခါ မြန်မာတို့က အင်္ဂလိပ်နယ်ထဲသို့ဝင်ရောက်၍ ရန်သူ ကိုဖမ်းဆီးလေရာ အင်္ဂလိပ်များနှင့် စကားများကြရတော့သည်။

အင်္ဂလိပ်များကား အခွင့်သာလျှင် ရခိုင်နယ်နှင့် မြန်မာပြည် အောက်ပိုင်းကို သိမ်းယူရန် ရည်ရွယ်ပုံပေါ်လေသည်။

ရခိုင်ပြည်ကို မြန်မာတို့တိုက်ခိုက်မသိမ်းယူမီ (စဥ့်ကူးမင်းလက် ထက်) ကပင် ရခိုင်ကမ်းခြေကိုတိုင်းတာရန် ကြံစည်ခဲ့ကြ၏။ သို့သော် မတိုင်းတာဖြစ်ပေ။ သို့ရာတွင် ရခိုင်ကို မြန်မာတို့သိမ်းယူပြီးနောက် ၅ နှစ်မျှအကြာ သက္ကရာဇ် ၁၁၅၁ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်ကြီး အားလ် ကွန်ဝယ်လေ့ (Earl Cornwallis) အမိန့်ဖြင့် ရခိုင်ကမ်းရိုးတန်းအပါ အဝင် မြန်မာကမ်းခြေတစ်လျှောက်ကို တိုင်းတာကြလေသည်။ ထိုသို့ တိတ်တဆိတ် တိုင်းတာသည်ကို မြန်မာတို့က ဖမ်းဆီးမိသဖြင့်လည်း အရေးအခင်းများကြပြန်သည်။

ဘိုးတော်ဘုရားနတ်ရွာစံပြီးနောက် ဘကြီးတော် နန်းတက်လေ သည်။ ဘကြီးတော်လက်ထက်တွင် မဏိပူရမင်းနှင့် အာသံမင်းတို့သည် မြန်မာဘုရင်ကို အရိုးအစဉ်အတိုင်း မကျိုးမနွံဘဲ ထောင်ထားခြားနား ကြပြန်သဖြင့် မြန်မာတို့က လိုက်လံတိုက်ခိုက်ကြပြန်၏။ မဏိပူရမင်းနှင့် အာသံမင်းတို့သည် အင်္ဂလိပ်ပိုင် ကချာနယ်သို့ ထွက်ပြေးခိုလှုံပြီးလျှင် အင်္ဂလိပ်အားကိုးနှင့် မြန်မာတို့ကို ခုခံကြလေသည်။ အင်္ဂလိပ်တို့က ရန်သူကို အားပေးအားမြှောက်လုပ်သည်ကို မြန်မာတို့သိရှိသဖြင့် မခံ မရပ်နိုင်ဖြစ်ပြီးလျှင် အင်္ဂလိပ်ပိုင်နယ်တွင်းသို့ဝင်၍ ရန်သူများကို တိုက် ခိုက်ဖမ်းဆီးကြလေသည်။ ထိုအခါ အရှေ့အိန္ဒိယကုမ္ပဏီအစိုးရနှင့် မြန်မာအစိုးရတို့ ပိုမို၍ မသင့်မတင့် ဖြစ်လာကြပြန်သည်။

သက္ကရာဇ် ၁၁၈၅ ခုနှစ်တွင် ရခိုင်ပြည် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်း

mgyoe.com

mgyoe.com


ပေါ်သို့ အင်္ဂလိပ်တို့ တက်ရောက်အလံစိုက်ပြီးလျှင် တပ်စွဲ၍နေသည်။ မြန်မာတို့က ထိုတပ်ကို တိုက်ခိုက်ဖျက်ဆီးလိုက်လေသည်။ ထိုအချိန်မှစ၍ အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲကြီး စတင်ဖြစ်ပွားလေတော့သည်။

မြန်မာဘုရင်က ဗိုလ်မှူးဝန်ကြီး သတိုးမင်းကြီး မဟာဗန္ဓုလကို ရခိုင်ပြည်သို့တစ်ကြောင်း၊ ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မမဟာသက်တော်ရှည် (မြဝတီမင်းကြီးဦးစ) ကို အာသံ၊ မဏိပူရသို့တစ်ကြောင်း ချီတက်စေသည်။ မဟာဗန္ဓုလတပ်သည် ရာမူး(ပန်းဝါ) အရပ်တွင် အင်္ဂလိပ်တို့ကိုတိုက်ရာ အင်္ဂလိပ်ဘက်မှ အများအပြား သေကျေပျက်စီး၍ ဆုတ်ခွာထွက်ပြေးရလေသည်။ မဏိပူရကြောင်းချီသော စစ်တပ်ကလည်း အင်္ဂလိပ်ပိုင် ကချာနယ်အထိ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ နောက်ဆုံး အာသံနှင့်မဏိပူရနယ်တွင် အခိုင်အလုံ တပ်စွဲနေနိုင်ခဲ့၏။ ထိုအတောအတွင်းတွင် အင်္ဂလိပ်တို့သည် မာန်အောင်ကျွန်း၊ မော်တင်ကျွန်းများကို တိုက်ခိုက်သိမ်းယူပြီးနောက် ရန်ကုန်မြို့ကို ရုတ်တရက် ဝင်ရောက်သိမ်းယူလိုက်ပြီးလျှင် ရွှေတိဂုံစေတီတော်ကြီးကို ခံတပ်လုပ်၍ နေလေသည်။

ဤပထမစစ်ပွဲတွင် အင်္ဂလိပ်နှင့်မြန်မာတို့ အပြင်းအထန် တိုက်ပွဲများဖြစ်ပွားကြသည်။ သတိုးမင်းကြီး မဟာဗန္ဓုလသည် ဤစစ်ပွဲအတွင်း ဓနုဖြူမြို့၌ ကျဆုံးခဲ့၏။ စစ်ပွဲကြီးသည် ၂ နှစ်တိုင် ကြာခဲ့သည်။ စစ်ပွဲအစတွင် အင်္ဂလိပ်တို့သည် စစ်သားလေးသောင်းဖြင့် တိုက်ပွဲဝင်ခဲ့ကြရာ စစ်ပွဲအပြီးတွင် လူပေါင်းတစ်သောင်းမျှသာ ကျန်ခဲ့တော့သည်ဟု အင်္ဂလိပ်တို့၏မှတ်တမ်းများတွင် ဖော်ပြထားလေသည်။

ဤစစ်ပွဲအပြီးတွင် ရန္တပိုစစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆိုကြလေသည်။ ထိုစာချုပ်အရ...

(၁) အာသံနယ်၊ ရခိုင်နယ်နှင့် တနင်္သာရီနယ်တို့ကို မြန်မာတို့က အင်္ဂလိပ်သို့ ပေးရသည်။

mgyoe.com

mgyoe.com



(၂) စစ်စရိတ်လျော်ကြေးငွေ တစ်ကုဋေကိုလည်း မြန်မာတို့က အင်္ဂလိပ်ကို ပေးရသည်။

(၃) မဏိပူရနယ်နှင့် ကချာနယ်ကို မြန်မာတို့က အနှောင့်အယှက် မပြုရ။

(၄) အင်္ဂလိပ်သင်္ဘောများ မြန်မာဆိပ်ကမ်းသို့ဝင်လျှင် တက်မ မချွတ်၊ အမြောက်မချဘဲ အနှောင့်အယှက်မရှိ နေခွင့်ပြုရမည်။

(၅) ယိုးဒယားနှင့် အင်္ဂလိပ်တို့ မဟာမိတ်ဖြစ်ကြောင်းကို မြန်မာတို့က အသိအမှတ်ပြုရမည်စသော အချက်များကို သဘောတူ လက်မှတ်ရေးထိုးရလေသည်။

❖

mgyoe.com

mgyoe.com


## အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ

အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲကြီး ပြီးဆုံးသွားပြီးနောက် ၂၆ နှစ်ခန့်အကြာ ပုဂံမင်းလက်ထက်တွင် အင်္ဂလိပ်နှင့်မြန်မာတို့ ဒုတိယအကြိမ် စစ်ဖြစ်ကြပြန်၏။

အင်္ဂလိပ်တို့က ရန်ကုန်ဝန်ကြီး ဦးအုပ်သည် အင်္ဂလိပ်ကပ္ပတိန်နှစ်ဦးကို အကြောင်းမဲ့ အမှုအခင်းရှာ၍ ဒဏ်ရိုက်ကြောင်း၊ ရန်ကုန်မြို့ရှိ အင်္ဂလိပ်ကုန်သည်တို့ကို ညှဉ်းပန်းနှိပ်စက်ကြောင်း စသည်ဖြင့် နစ်နာချက်များကိုပြလျက် ၎င်းတို့အတွက် ကျေနပ်အောင်ပြုလုပ်စေလိုကြောင်း၊ လျော်ကြေးပေးစေလိုကြောင်း စသည်ဖြင့် ရေးသား၍ ရေကြောင်းဗိုလ်လမ်းဘတ်ဆိုသူအား စစ်သင်္ဘောခြောက်စင်းနှင့်စေလွှတ်၍ တောင်းဆိုလေသည်။ မြန်မာအစိုးရတို့က ရန်ကုန်ဝန်ကြီးဦးအုပ်ကို ပြန်ခေါ်ပြီးလျှင်ပြည်၊ ရွှေတောင်ဝန် ဦးမှုန်ကို ဦးအုပ်၏နေရာတွင် ထမ်းရွက်စေသည့်အပြင် အင်္ဂလိပ်တို့နှင့် အပြေအလည်ဖြစ်စေရန် ဆွေးနွေးဆောင်ရွက်စေလေသည်။

ထိုအချိန်အတွင်း ရေကြောင်းဗိုလ်လမ်းဘတ်တို့လူစုသည် မြန်မာ

mgyoe.com

mgyoe.com


ပိုင် ရေနန်းယဉ်သာသင်္ဘောကို ရန်ကုန်မြစ်ဝသို့ အတင်းတွဲခုတ်လုသွားလေသည်။

ထို့နောက် အင်္ဂလိပ်တို့ တောင်းဆိုလာပြန်သည်ကား–

(၁) ရန်ကုန်မြို့ဝန်က အင်္ဂလိပ်စစ်သင်္ဘောအုပ်ရှိရာသို့ လာပြီးလျှင် ရေကြောင်းဗိုလ်လမ်းဘတ်သို့ တောင်းပန်ရမည်။

(၂) မိမိတို့စစ်ချီလာရသည့်အတွက် စရိတ်ငွေတစ်သိန်းကို ပေးရမည်ဟု ဖြစ်လေသည်။

မြန်မာတို့က ထိုနောက်ဆုံးတောင်းဆိုချက်တို့ကို မလိုက်နာနိုင်သဖြင့် ၁၈၅၂ ခု ဧပြီလတွင် အင်္ဂလိပ်နှင့်မြန်မာတို့ ဒုတိယအကြိမ် စစ်ဖြစ်ကြရပြန်သည်။

ဤစစ်ပွဲတွင် အင်္ဂလိပ်ဘက်မှ ကြည်းကြောင်း၊ ရေကြောင်းနှစ်ဖက်ညှပ်၍ တိုက်ကြသည်။ ကြည်းတပ်ကို ဗိုလ်ချုပ်ဂေါ့ဒွင်ဆိုသူက အုပ်ချုပ်၍ ရေတပ်ကို ဗိုလ်ချုပ်အော်စတင်ဆိုသူက အုပ်ချုပ်လေသည်။ စစ်ဖြစ်လျှင်ဖြစ်ချင်း အင်္ဂလိပ်ရေတပ်က မုတ္တမကို တိုက်ခိုက်သိမ်းယူလိုက်သည်။ ထို့နောက် ရန်ကုန်သို့ပြန်လာပြီးလျှင် ရွှေတိဂုံခံတပ်ကို တိုက်ခိုက်သိမ်းယူလိုက်ပြန်သည်။

ရန်ကုန်တိုက်ပွဲတွင် မြန်မာတို့က ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်လေရာ နှစ်ဦးနှစ်ဖက်လုံးတွင် ကျဆုံးသူများပြားလေသည်။ အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲတွင် အင်္ဂလိပ်တို့အသုံးပြုသော သင်္ဘောများမှာ ရွက်သင်္ဘောများသာဖြစ်၍ ယခုဒုတိယစစ်ပွဲ၌မူ ရွက်သင်္ဘောအစား မီးသင်္ဘောများကို အသုံးချလာလေပြီ။ ထို့ကြောင့် အင်္ဂလိပ်တို့သည် တိုက်သင်္ဘောများကို အောက်မြန်မာနိုင်ငံအရပ်ရပ်သို့ခွဲ၍ စေလွှတ်ကာ တိုက်ခိုက်စေခဲ့လေသည်။

အင်္ဂလိပ်တို့သည် ရှေးဦးစွာ ပြည်မြို့ကို တိုက်ခိုက်သိမ်းယူပြီး

mgyoe.com

mgyoe.com


နောက် အခိုင်အမာ တပ်စွဲနေလေသည်။ ထို့နောက် မြေထဲမြို့အထိ ဆက်လက်ချီတက်လေသည်။ ထိုအတောအတွင်းတွင် အမရပူရမြို့တော်တွင် ပုဂံမင်းကိုနန်းချ၍ မင်းတုန်းမင်းကြီး နန်းတက်လေသည်။ မင်းတုန်းမင်းက စစ်ပြေငြိမ်းရန် အင်္ဂလိပ်တို့ထံ လူစေလွှတ်၍ ပြောဆိုလေသည်။ မြန်မာကိုယ်စားလှယ်တို့က ရန္တပိုစာချုပ်အတိုင်း အတည်ပြုစေလိုကြောင်း၊ ယခုအကြိမ်ချီလာရသည့် စစ်စရိတ်ကို ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် ပြောဆိုကြလေသည်။ သို့သော် အင်္ဂလိပ်တို့က လက်မခံချေ။ မင်းတုန်းမင်းကြီးကား စစ်ကိုလည်း အသိအမှတ်မပြု၊ စစ်ပြေငြိမ်းစာချုပ်ကိုလည်း လက်မှတ်မထိုးပေ။

နောက်ဆုံးတွင် အင်္ဂလိပ်တို့သည် မြေထဲမြို့တွင်စွဲနေသောတပ်၏ အလံတိုင်မြောက်ဘက် ခြောက်မိုင်အကွာမှ အဖြောင့်တိုင်းကာ မြန်မာပြည်အောက်ပိုင်းကို သိမ်းယူလိုက်လေသည်။ ခရစ်နှစ် ၁၈၅၂ ခု၊ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် (မြန်မာ ၁၂၁၄ ခု၊ နတ်တော်လ) မြန်မာနိုင်ငံတော်အောက်ပိုင်း(ပဲခူးနယ်)ကို အင်္ဂလိပ်တို့ကသိမ်းပိုက်ကြောင်း ကြေညာလိုက်လေသည်။

နယ်ခြားကျောက်တိုင်သတ်မှတ်ရာတွင် တာဝန်ယူဆောင်ရွက်သော အင်္ဂလိပ်စစ်ဗိုလ် ကပ္ပတိန်အာလံ၏ အမည်ကိုအစွဲပြု၍ အာလံမြို့ဟု ခေါ်တွင်ကျန်ခဲ့သည်။ မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူသည့် သက္ကရာဇ် ၁၂၁၄ ခုကို အောက်ကအောက်လံ၊ စိုက်ထူပြန်၊ စစ်သံဒုတိယဆိုသော ဆောင်ပုဒ်ဖြင့် မှတ်သားနိုင်ပေသည်။

## အညံ့မခံ အသေခံမည်

ဤသို့ မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်တို့သိမ်းပိုက်လိုက်သည့်အခါ ထိုဒေသရှိ မြန်မာများသည် ခေါင်းငုံ့ခံ၍ မာန်ကိုလျှော့ခဲ့

mgyoe.com

mgyoe.com



ကြသည် မဟုတ်ပေ။ မိမိတို့ရတတ်သမျှ လက်နက်များကိုစုဆောင်းကာ ပြောက်ကျားစနစ်ဖြင့် အင်္ဂလိပ်စစ်တပ်ကြီးကို ခုခံတော်လှန်ခဲ့ကြလေသည်။

ပုသိမ်ခရိုင် ရေကြည်၊ သေိုင်းချောင်း၊ ကျောက်ချောင်းကလေးနှင့် ဓနုဖြူ စသောနေရာများတွင် မျိုးချစ်ပုဂ္ဂိုလ် နတ်ရှင့်ရွှေးဗိုလ်ဆိုသူသည် မိမိစုဆောင်းရရှိသမျှသော တပ်ကလေးဖြင့် အင်္ဂလိပ်တို့အား အလစ်တွင်ဝင်၍ အကြိမ်ကြိမ်အခါခါ တိုက်ခိုက်ခဲ့လေသည်။ နတ်ရှင့်ရွှေးဗိုလ် ကျဆုံးပြီးနောက် ပြောက်ကျားစနစ်ကိုဆက်ခံသူမှာ ဗိုလ်မြတ်ထွန်းဆိုသူဖြစ်၏။ ဗိုလ်မြတ်ထွန်းနှင့်အတူ ဗိုလ်သာပုံ၊ ဗိုလ်သာဦး၊ ဗိုလ်မိုးဦး၊ ဗိုလ်ကျော်စံလှဆိုသူတို့သည် မြစ်ဝကျွန်းပေါ်တစ်ဝိုက်တွင် အင်္ဂလိပ်တို့အား ဖွဲ့သတ္တိရှိရှိဖြင့် ခုခံတော်လှန်ခဲ့ကြသူများ ဖြစ်၏။

မြစ်ဝကျွန်းပေါ်ဘက်တွင် မြန်မာမျိုးချစ်များက ခုခံတော်လှန်နေခိုက်တွင် သံလွင်မြစ်ဝှမ်းတစ်လျှောက်တွင် ကရင်လူမျိုးများကလည်း အင်္ဂလိပ်လက်အောက်သို့ အောက်ကျို့မဝင်လိုသဖြင့် လက်နက်စွဲကိုင်၍ ခုခံတော်လှန်ကြပြန်သည်။ ကရင်လူမျိုးတို့ တော်လှန်ရေးမှာ သံလွင်မြစ်ဝှမ်းမှအစပျိုးလျက် ကရင်အမျိုးသားများနေထိုင်ရာ ပုသိမ်ခရိုင်သို့ပင် ပျံ့နှံ့လာခဲ့လေသည်။

ဤသို့ဖြင့် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူပြီးသည့်နောက် ရှစ်နှစ်တိုင်တိုင် သူပုန်များကို နှိမ်နင်းယူရလေသည်။

## သေနတ်နောက်မှ စီးပွားရေး

အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအတွင်းက ရေကြောင်းဗိုလ်လမ်းဘတ်ယူဆောင်လာသော မီးသင်္ဘောလေးစင်းမှာ အိန္ဒိယနိုင်ငံရှိ ဘင်္ဂလားရေကြောင်းကုမ္ပဏီပိုင် သင်္ဘောများဖြစ်လေသည်။ ထိုသင်္ဘောများကို မြစ်ဝ

mgyoe.com

mgyoe.com


ကျွန်းပေါ်တစ်လျှောက်တွင် စစ်သားများ၊ စားရေရိက္ခာနှင့် လက်နက်များ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုခဲ့လေသည်။

စစ်ပွဲကြီးပြီးသောအခါ ၎င်းသင်္ဘောလေးစင်းကို အိန္ဒိယသို့ ပြန်မလွှတ်တော့ဘဲ အစိုးရကိစ္စ အရပ်ရပ်အတွက် အသုံးပြုလေသည်။ အောက်မြန်မာနိုင်ငံကို နေသားတကျ စီမံအုပ်ချုပ်ပြီးသောအချိန်တွင် မျက်နှာဖြူကုန်သည်တစ်စုတို့က ထိုသင်္ဘောလေးစင်းကိုဝယ်ယူကာ ဧရာဝတီကုမ္ပဏီဟု တည်ထောင်လေသည်။ မြန်မာသက္ကရာဇ် ၁၂၂၉ ခုနှစ် (၁၈၆၇ ခုနှစ်သို့) ရောက်သောအခါ နောက်ထပ် သင်္ဘော ၃ စင်းကို မှာယူလိုက်သဖြင့် သင်္ဘော ၇ စင်း ဖြစ်လာလေသည်။

ပထမ၌ ရန်ကုန်မှ နယ်ခြားဖြစ်သော သရက်မြို့အထိသာ ဧရာဝတီသင်္ဘောများ သွားလာခဲ့၏။ အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းယူပြီးသောအခါ မန္တလေးမြို့အထိ၊ နောက် ချင်းတွင်းမြစ်ဝှမ်းများ အထိ သွားလာခဲ့လေသည်။

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲတွင်လည်း အင်္ဂလိပ်တို့သည် ဧရာဝတီမီးသင်္ဘောများကိုပင် စစ်အတွက် အသုံးပြုခဲ့ကြသည်။ သီပေါမင်းကို မန္တလေးမှ ရန်ကုန်သို့ ဆောင်ယူလာသောသင်္ဘောမှာ ဧရာဝတီပိုင်သင်္ဘောပင်ဖြစ်၏။ ဧရာဝတီကုမ္ပဏီသည် မြန်မာနိုင်ငံကို အင်္ဂလိပ်အုပ်စိုးစဉ်တစ်လျှောက်လုံး ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးကို လက်ဝါးကြီးအုပ်၍ လုပ်ကိုင်ခဲ့လေသည်။ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီးနောက် ၃ လကျော်မျှတွင် (၁၉၄၈ ခု ဧပြီလ ၂၀ ရက်နေ့တွင်) ဧရာဝတီကုမ္ပဏီကို ပြည်သူပိုင်အဖြစ်ဖြင့် ကျွန်ုပ်တို့ သိမ်းယူခဲ့လေသည်။

mgyoe.com

mgyoe.com



## ခေတ်ပြင် မင်းတုန်းဘုရင်

အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲအကြောင်းကို မရေးသားမီ အင်္ဂလိပ် မြန်မာ ဒုတိယစစ်ပွဲအပြီး မင်းတုန်းမင်းတရားကြီးလက်ထက် မြန်မာနိုင်ငံ အခြေအနေကို အနည်းငယ် ဖော်ပြလိုပါသည်။

မင်းတုန်းမင်းကြီးသည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော မင်း မြတ်တစ်ပါးဖြစ်သည်။ အင်္ဂလိပ်တို့နှင့်လည်းကောင်း၊ ပြင်သစ်တို့နှင့် လည်းကောင်း၊ အသင့်အတင့် ဆက်ဆံခဲ့သည်။ နိုင်ငံတော်အတွင်း စီး ပွားရေးနှင့် ပညာရေးတို့ကို အထူးအားပေးတော်မူ၏။

ဆည်၊ တူးမြောင်းတို့ကို ပြုစုပြင်ဆင်ပေးသည်သာမက ဆင်းရဲ သားလယ်သမားတို့ကို စရိတ်ကြေးငွေများထောက်၍ လယ်လုပ်စေလေ သည်။ ကျွန်းသစ်၊ ရေနံ၊ ကျောက်နီ အစရှိသော အဖိုးတန်ထွက်ကုန်များ ကို မိမိတစ်ဦးတည်းပိုင်ခွင့်နှင့် တူးဖော်လုပ်ကိုင်စေလေသည်။ ယခုခေတ် တွင် ပြည်သူပိုင်လုပ်ငန်းအဖြစ် သတ်မှတ်ပုံနှင့် တူလှပေသည်။ အင်္ဂလိပ် နှင့်ပြင်သစ်တို့သည် မင်းတုန်းမင်းကြီးတစ်ဦးတည်းပိုင် ပြုလုပ်ထားသော လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိရန် အတန်တန်ကြိုးစားကြလေသည်။ သို့သော် လုပ်ခွင့်မရကြပေ။

မင်းကြီးသည် နိုင်ငံတော်အုပ်ချုပ်ရေးကို ၁၄ ဌာနခွဲ၍ စီမံအုပ်ချုပ် ခဲ့သည်။ အမှုထမ်းအရာထမ်းတို့အား ယခင်ကကဲ့သို့ မြို့စားရွာစားမပေး တော့ဘဲ လခရိက္ခာများ ပေးကမ်းချီးမြှင့်လေသည်။

မင်းတုန်းမင်းကြီး၏ လက်ရုံးတစ်ဆူဖြစ်တော်မူ၍ မင်းတုန်းမင်း ကြီးအား အစစအရာရာတွင် ကူညီဆောင်ရွက်ပေးခဲ့သူမှာ ညီတော်အိမ်ရှေ့ မင်း ကနောင်မင်းသားပင် ဖြစ်၏။

ကနောင်မင်းသားသည် အမြဲတမ်း စစ်တပ်ကြီးတစ်ခုကို ဖွဲ့စည်း ကာ တူညီဝတ်စုံများကို ဝတ်စေ၍ ခေတ်မီသော စစ်ပညာများကိုလည်း

mgyoe.com

mgyoe.com


အနောက်နိုင်ငံသားများ အကူအညီဖြင့် သင်ပေးလေသည်။

ဉာဏ်ပညာထက်မြက်သော လူငယ်လူရွယ် ၉၀ ခန့်ကို ရွေးချယ်၍ အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ ခေတ်သစ်လောကဓာတ်ပညာများ သင်ကြားရန် စေလွှတ်ခဲ့လေသည်။ ထိုပုဂ္ဂိုလ်များအနက် ထင်ရှားကျော်စောသူများမှာ တပယင်းဝန်ထောက်မင်း ဦးမြ၊ ဦးမြ၏ညီ ဦးခဲ၊ ဖန်ချက်ဝန်မင်း ဦးဖန်၊ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုး၊ မြင်းဝန် ဦးအောင်သူတို့ ဖြစ်လေသည်။

ပညာတော်သင်များ မြန်မာနိုင်ငံသို့ ပြန်ရောက်သည့်အခါ မန္တလေးနေပြည်တော်တွင် အမြောက်သေနတ်များပြုလုပ်သော လက်နက်ရုံ၊ ဒင်္ဂါးသွန်းစက်ရုံ၊ သံပြားကြိတ်စက်၊ အားပေးမီးစက်၊ ပန်းကန်စက်၊ လွှစက်၊ ဆန်စက်၊ သကြားစက်၊ မဲနယ်ချက်စက်စသော စက်ရုံပေါင်းငါးဆယ်ကျော်ကို တည်ဆောက်ပြီးလျှင် မင်းတုန်းမင်း၏သားတော် မကွေးရာမင်းသားကြီးအား စီမံအုပ်ချုပ်စေလေသည်။

ကနောင်မင်းသားကြီး၏ လက်နက်ရုံမှ ပြုလုပ်သော ရိုင်ဖယ်သေနတ်များ၊ အမြောက်ကြီးများ၊ စိန်ပြောင်းများသည် အင်္ဂလိပ်တို့၏လက်နက်များကဲ့သို့ ကောင်းမွန်သေသပ်ကြောင်း အင်္ဂလိပ်အရာရှိတို့၏ မှတ်တမ်းများတွင် ဖော်ပြပါရှိ၏။ ကနောင်မင်းသားကြီးသည် အမြောက်သေနတ်များကိုသာမက ရေမြှုပ်ဗုံးများ၊ ဗုံးပျံများကိုလည်း ပြုလုပ်ခဲ့သေးသည်။

ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်နှင့်တိုင်ပင်၍ မြန်မာအက္ခရာဖြင့် ကြေးနန်းရိုက်ကြားသော စနစ်ကိုထွင်ခဲ့သည်။ ထိုစဉ်က မန္တလေးနေပြည်တော်နှင့် မြေထဲ၊ သရက်၊ တောင်တွင်းကြီး၊ တောင်ငူစသော မြို့များ ကြေးနန်းအဆက်အသွယ်ရှိလေသည်။

မင်းတုန်းမင်းတရားကြီးက သာသနာ၊ ဘာသာကိုပြုစုခြင်း၊ စာပေ

mgyoe.com

mgyoe.com


ကိုချိုးမြှင့်ခြင်း၊ (အင်္ဂလိပ်ကျောင်းများ ဖွင့်လှစ်ပေးခြင်း) လူအိုရုံနှင့်ဆေးရုံများဖွင့်လှစ်ပေးခြင်း စသောလုပ်ငန်းများဖြင့်သာ မွေ့လျော်နေပြီးလျှင် အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က ပြန်ပေးကောင်းပေးလိမ့်မည်ဟု မှတ်ထင်ခဲ့ပေသည်။ ကနောင်မင်းသားကြီးကမူ အင်္ဂလိပ်တို့က လက်နက်အားကိုးဖြင့် မတရားသိမ်းယူခဲ့ရခြင်းကို လက်နက်နှင့်ပင် ပြန်လည်တိုက်ခိုက်ယူရမည်ဟု စွဲမြဲစွာယုံကြည်နေလေသည်။ ယုံကြည်သည့်အတိုင်းလည်း လက်တွေ့ဆောင်ရွက်သည်။

အင်္ဂလိပ်တို့ ထပ်မံရန်ရှာလျှင် အသင့်ခုခံရန်အတွက်လည်းကောင်း၊ အခွင့်သာလျှင် အောက်မြန်မာနိုင်ငံကို ပြန်သိမ်းယူနိုင်ရန်အတွက်လည်းကောင်း၊ မြန်မာတို့နယ်ခြားစခန်းဖြစ်သော မင်းလှနှင့်ငှင်း၏တစ်ဖက်ကမ်း ငွေးချောင်းရွာအနီးတွင် အုတ်၊ အင်္ဂတေတို့ဖြင့် ပြုလုပ်သော ခေတ်မီခံတပ်ကြီး ၂ ခုကို တည်ဆောက်ခဲ့သည်။ ထိုခံတပ်ကြီး ၂ ခုကို မင်းလှခံတပ်နှင့် ငွေးချောင်းခံတပ်ဟု ရာဇဝင်တွင်ကျန်ခဲ့၏။ ဤခံတပ်များတည်ဆောက်သော သက္ကရာဇ် ၁၂၂၃ ခုကို "အချောင်ကြံစည်၊ ခံတပ်တည်" ဆိုသော ဆောင်ပုဒ်ဖြင့် မှတ်သားနိုင်ပေသည်။

မင်းတုန်းမင်းတရားလက်ထက်၌ အနောက်နိုင်ငံများသို့ သံအဖွဲ့များ မကြာခဏစေလွှတ်ခဲ့လေသည်။ ၁၈၇၂ ခု (မြန်မာ ၁၂၃၄) ခုနှစ်တွင် ကင်းဝန်မင်းကြီးကို သံကြီးခန့်၍ အင်္ဂလိပ်ပြည်သို့ စေလွှတ်ခဲ့သည်။ လမ်းတွင် အီတလီနိုင်ငံ၊ ပြင်သစ်နိုင်ငံများသို့လည်းဝင်၍ နှစ်ပြည်ထောင်စီးပွားရေးစာချုပ်များ ချုပ်ဆိုရန်အတွက် တိုင်ပင်ဆွေးနွေးခဲ့လေသည်။

၁၈၇၃ ခုနှစ်တွင် ကင်းဝန်မင်းကြီးအား ပြင်သစ်နိုင်ငံသို့စေလွှတ်၍ ကူးသန်းရောင်းဝယ်ရေး စာချုပ်ချုပ်ဆိုရန် ဆွေးနွေးစေလေသည်။ ပြင်သစ်လူမျိုးတို့က ကျောက်နီတွင်းကို လုပ်ကိုင်ခွင့်မရရှိသဖြင့် ပြင်သစ်တို့က ထိုစာချုပ်ကို လက်မခံပေ။

mgyoe.com

mgyoe.com


အချုပ်ဆိုရလျှင် မင်းတုန်းမင်းကြီးနှင့် အင်္ဂလိပ်တို့ သင့်သင့်မျှမျှ ဆက်ဆံနိုင်ခဲ့သဖြင့် စစ်ပွဲဖြစ်နိုင်မည့် အရိပ်လက္ခဏာများကိုပင် ဟန့်တားနိုင်ခဲ့လေသည်။

မင်းတုန်းမင်းတရားကြီးသည် အင်္ဂလိပ်တို့အား အဘက်ဘက်တွင် အထူးလိုက်လျောကာ ဆက်ဆံခဲ့သော်လည်း နောက်ဆုံးတွင် အင်္ဂလိပ်တို့ဘက်က လွန်ကဲလာသည်ကို တွေ့ရသည်။ အကြောင်းသော်ကား ထိုစဉ်က မန္တလေးမြို့ရှိ အင်္ဂလိပ်သံအရာရှိနှင့် မန္တလေးမြို့ရှိ အင်္ဂလိပ်နယ်ခြားအရာရှိတို့က မင်းတရားကြီးရှေ့တော်သို့ ဖိနပ်စီး၊ ဓားလွယ်ကိုင်၍ ဝင်လိုကြောင်း တောင်းဆိုခဲ့ပုံကိုထောက်ရှု၍ သိနိုင်ပေသည်။ ထိုအချိန်မှစ၍ အင်္ဂလိပ်သံ၊ အင်္ဂလိပ်ကိုယ်စားလှယ်တို့သည် မင်းတုန်းမင်းကြီးနှင့် တွေ့ဆုံခွင့်မရတော့ချေ။ နှစ်နိုင်ငံအရေးကိစ္စများကို ဆွေးနွေးလိုလျှင် မှူးကြီးမတ်ကြီးများနှင့်သာ ဆွေးနွေးကြရလေတော့သည်။ ဤတွင် အင်္ဂလိပ်တို့က မကျေမချမ်းဖြစ်ကြလေသည်။

❖

mgyoe.com

mgyoe.com


## အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲ

မင်းတုန်းမင်းကြီး နတ်ရွာစံပြီးနောက် သားတော်သီပေါမင်း နန်းတက်လာသည်။ သီပေါမင်းလက်ထက်တွင် နန်းတော်အတွင်း၌ ဂိုဏ်းသုံးဂိုဏ်းကွဲကာ အချင်းချင်း၊ မညီမညွတ်ဖြစ်လာကြသည်။ ၎င်းတို့မှာ–

(က) နိုင်ငံတော်ကို ခေတ်မီအောင်ပြုပြင်လိုသော အနောက်နိုင်ငံပြန်များ ပါဝင်သည့် ကင်းဝန်မင်းကြီးဂိုဏ်း၊

(ခ) အင်္ဂလိပ်တို့ကို ဘယ်လိုနည်းနှင့်ဖြစ်စေ ခုခံတိုက်ခိုက်ရမည်ဆိုသော တစ်ယူသန်သမားများ ပါဝင်သည့် တိုင်တားမင်းကြီးဂိုဏ်း၊

(ဂ) တိုင်တားမင်းကြီးနှင့် မသင့်မတင့်ဖြစ်သဖြင့် ခွဲထွက်လာသော လှေသင်းအတွင်းဝန်ဂိုဏ်းတို့ ဖြစ်လေသည်။

ကင်းဝန်မင်းကြီးဂိုဏ်းတွင် ပညာအမြော်အမြင်ရှိသူများ၊ အနောက်နိုင်ငံသို့ ရောက်ဖူးသူများပါဝင်သည်။ သူတို့သည် မြန်မာနိုင်ငံကို ဥရောပနိုင်ငံမှာကဲ့သို့ ပါလီမန်နည်းလမ်းထုံးစံအရ အုပ်ချုပ်ရန်ဆန္ဒရှိသူများဖြစ်ကြသည်။ ကင်းဝန်မင်းကြီးဂိုဏ်းမှ ယောအတွင်းဝန်ဦးဘိုးလှိုင်သည် ဘုရင်နှင့်မိဖုရားတို့ ဘဏ္ဍာတော်ငွေများကို သုံးချင်တိုင်းသုံးသောစနစ်ကို

mgyoe.com

mgyoe.com


အပြင်းအထန် ကန့်ကွက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်လေသည်။ ဦးဘိုးလှိုင်၏ဆန္ဒမှာ နိုင်ငံတော်အသုံးစရိတ်ကို ယခုခေတ်တွင် ဘတ်ဂျက်ရေးဆွဲထားဘိသကဲ့သို့ စနစ်တကျ သတ်မှတ်ခွဲခြားထားလိုခြင်း ဖြစ်လေသည်။ ထိုအစီအမံမျိုးကို ဘုရင်နှင့်မိဖုရားတို့ မနှစ်မြို့လေ။ ထို့ကြောင့် ဦးဘိုးလှိုင်လည်း ရာထူးချထားခြင်း ခံရလေသည်။

ကင်းဝန်မင်းကြီးသည် ဥရောပတိုက်သို့ရောက်ဖူးသဖြင့် သီပေါဘုရင်ကိုလည်း ဒေသန္တရဗဟုသုတရရှိရန်နှင့် မိမိတိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်းအတွက် အကြံသစ်ဉာဏ်သစ်များရရှိစေရန် ဥရောပတိုက်သို့ လှည့်လည်စေရန် နားချတိုက်တွန်းလေသည်။ ပထမတွင် သီပေါမင်းကလည်း အလည်ကြွတော်မူရန် သဘောတူညီလေသည်။ သို့သော် ဆင်ဖြူမရှင်မိဖုရားကြီး၊ တိုင်တားမင်းကြီး ဦးဖိုး၊ ရနောင်မင်းသား မောင်မောင်တုတ်တို့က ဘုရင်မင်းမြတ် ခရီးလှည့်လည်နေစဉ် မလိုသောမှူးမတ်တို့က အခြားတစ်ဦးဦးကို နန်းတင်နှင့်လျှင် အကျိုးယုတ်ရန်ရှိကြောင်း စသည်ဖြင့် လျှောက်တင်ကြလေသဖြင့် ဘုရင့်စိတ်တော် ပြောင်းသွားလေသည်။

တစ်ခါသော် သီပေါမင်းက အင်္ဂလိပ်များ မြန်မာနိုင်ငံကို မသိမ်းယူနိုင်အောင် မည်သို့ကာကွယ်မည်နည်းဟု မေးတော်မူရာ လှေသင်းဝန်နှင့် တိုင်တားမင်းကြီးတို့က ခုခံတိုက်ခိုက်ရန် လျှောက်တင်ကြလေသည်။ ကင်းဝန်မင်းကြီးကမူ အင်္ဂလိပ်တို့အား သစ်တော၊ ရေနံတွင်းနှင့် ပတ္တမြားတွင်း သုံးခုအနက် တစ်ခုခုကိုပေး၍ လုပ်ကိုင်စေလျှင် အသင့်အတင့်ဆက်ဆံသွားနိုင်မည် ထင်ကြောင်းနှင့် လျှောက်တင်လေသည်။ ထိုအခါ သီပေါမင်း၏မိဖုရားကြီး စုဖုရားလတ်က ကင်းဝန်မင်းကြီးဦးကောင်းအား "ဘိုးဘိုး... ဒါလောက်ကြောက်တတ်လျှင် ယောကျ်ားလုပ်မနေပါနှင့်၊ မိန်းမလုပ်ပါ၊ သီလရှင်လုပ်ပါ" စသည်ဖြင့် ပြောဆိုပြီးနောက်

mgyoe.com

mgyoe.com


ထဘီ၊ ယပ်တောင်၊ သနပ်ခါးတုံးနှင့် ကျောက်ပျဉ်စသော မိန်းမအသုံးအဆောင်တို့ကို ကင်းဝန်မင်းကြီးထံ ပေးပို့လိုက်လေသည်။

ဤသို့ နန်းတော်ထဲတွင် နိုင်ငံရေးဂိုဏ်းကွဲနေသည်တွင် ဘုရင်နှင့် မိဖုရားကြီးတို့က တိုင်တားမင်းကြီးဂိုဏ်းဘက်သို့ မျက်နှာလိုက်ပြီးလျှင် ကင်းဝန်မင်းကြီးဂိုဏ်းကို နှိပ်ကွပ်ထားလေသည်။ ထို့ကြောင့် ကင်းဝန်မင်းကြီးဂိုဏ်းသားများဖြစ်သော ရေနံချောင်းဝန်ကြီး ဦးစိုး၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ မြို့သစ်မြို့စား ဦးအောင်ခို၊ ခန်းပတ်ဝန်ကြီး ဦးရန်ဝေး စသော မှူးမတ်တို့မှာ တစ်ယောက်ပြီးတစ်ယောက် ရာထူးချထားခြင်း ခံရလေသည်။

တိုင်တားမင်းကြီးသည် ဝင်းဒိုင်းရစိုးနှင့် ဆင်အစု၊ မြောက်အစုတို့ကိုသာ ပိုင်သော်လည်း နန်းတော်ထဲတွင် အရေးသာတန်ခိုးကြီးနေသဖြင့် ကင်းဝန်မင်းကြီး(သေနတ်ဝန်) လက်အောက်တွင်ရှိသော ကုန်းကြောင်းစစ်ဖက်အားလုံးကို ချုပ်ကိုင်ခြယ်လှယ်နေလေသည်။ နောက်ဆုံးတွင် ကင်းဝန်မင်းကြီးကို သေနတ်ဝန်ရာထူးမှချ၍ ဥပဒေပြုအရာရှိအနေဖြင့်သာ ထားလေတော့သည်။

ဤသို့ နန်းတော်ထဲတွင် အကွဲကွဲအပြားပြား ဖြစ်နေခြင်းသည် မြန်မာနိုင်ငံစည်းရုံးညီညွတ်မှုကို ပျက်ပြားစေပြီးလျှင် အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်ရန် အင်အားယုတ်လျော့စေလေသည်။

## သစ်ခိုးမှုကြီး

သီပေါမင်းလက်ထက်တွင် အင်္ဂလိပ်လူမျိုးပိုင် ဘုံဘေဘားမားသစ်ကုမ္ပဏီကြီးအား တောင်ငူခရိုင် ပဲခူးရိုးမတွင် အကောက်အခွန်ပေး၍ သစ်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုထားခဲ့လေသည်။ ၁၂၄၇ ခုနှစ်တွင် တောင်ငူမြို့ရှိ သစ်ခေါင်းအရာရှိများက ကုမ္ပဏီသည် ၂ နှစ်အတွင်း

mgyoe.com

mgyoe.com


သစ်လုံးရေ ရှစ်သောင်း နယ်ခြားသို့ထုတ်ယူသည်ကို အခွန်ရုံးတော်တွင် သစ်လုံးရေသုံးသောင်းကျော်သာ စာရင်းပြထားကြောင်းဖြင့် ဆိုင်ရာသို့ အစီရင်ခံလေသည်။

လွှတ်တော်က သစ်စာရင်းများကို စုံစမ်းစစ်ဆေးသည့်အခါ သစ်လုံးရေခြောက်ထောင်ကို ခိုးထုတ်ယူကြောင်းကို တွေ့ရှိရလေသည်။ ထို့ကြောင့် လွှတ်တော်ဝန်ကြီးတို့က ဥပဒေအရ အကောက်နှုန်း၏ နှစ်ဆဖြစ်သော ငွေ ၂၃ သိန်းကို ဘုံဘေဘားမားကုမ္ပဏီက ပေးဆောင်ရမည်ဟု ဒဏ်ရိုက်လေသည်။

ဘုံဘေဘားမားကုမ္ပဏီသည် ဒဏ်ငွေကိုမပေးဆောင်ဘဲ မြန်မာမင်းက မတရားနှိပ်စက်ပါသည်ဟု အိန္ဒိယဘုရင်ခံချုပ်ကြီးထံသို့ တိုင်ကြားလေသည်။ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က ၁၈၈၅ ခု အောက်တိုဘာလတွင် အထူးသဝဏ်လွှာဖြင့် အောက်ပါရာဇသံကို ပေးပို့တောင်းဆိုလေသည်။

(၁) သစ်ကုမ္ပဏီကိစ္စကို စစ်ဆေးရန် ဘုရင်ခံချုပ်ကစေလွှတ်သော ကိုယ်စားလှယ်ရောက်သည်တိုင်အောင် စောင့်ဆိုင်းရန်။

(၂) အင်္ဂလိပ်ကိုယ်စားလှယ်သည် မြစ်ဆိပ်တွင် အုတ်ဝင်းကာရံနေထိုင်စေ၍ အစောင့်အရှောက် စစ်သားတစ်ထောင် ထားလိုသည်။

(၃) ဧရာဝတီမြစ် ဂေါဝိန်ဆိပ်တွင် တိုက်သင်္ဘောတစ်စင်းကို အစောင့်အရှောက်အဖြစ် ထားလိုသည်။

(၄) သစ်မှုကိစ္စအတွက်ပြောဆိုရန် မြန်မာဘုရင် ရွှေတော်သို့ ဝင်သောအခါ အင်္ဂလိပ်ကိုယ်စားလှယ်သည် ခြေနင်းစီး၍ ဆောင်ဓား စွဲကိုင်ခွင့်ရလိုသည်။

mgyoe.com

mgyoe.com


(၅) မြန်မာနိုင်ငံသည် အင်္ဂလိပ်မင်းက သဘောမတူဘဲ အခြား မည်သည့်နိုင်ငံနှင့်မျှ မဆက်ဆံရန်။

အထက်ပါအချက်များပါသော စာကို ၇ ရက်အတွင်း အကြောင်း ပြန်ကြားရမည်။ အကယ်၍ ၇ ရက်ထက် ကျော်လွန်သည်ဖြစ်စေ၊ စာပါ အချက်အလက်တစ်ခုခုကို လက်မခံလျှင်ဖြစ်စေ အင်္ဂလိပ်အစိုးရတို့က အလိုရှိရာ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် နောက်ထပ်စာတစ်စောင် ရောက် ရှိလာပြန်သည်။

မြန်မာတို့က သစ်ကုမ္ပဏီမှ ပေးသွင်းရမည့်ငွေများကို ချမ်းသာခွင့် ပေးမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်ကိုယ်စားလှယ်လွှတ်ရန်မှာ ရှေးကပေးထား သော အခွင့်အရေးများအတိုင်း ပေးထားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားကိစ္စကို အင်္ဂလိပ်တို့က ချုပ်ကိုင်မည့်ကိစ္စကို အခြားနိုင်ငံကြီး တစ်ဦးဦးက ဆုံးဖြတ်စေလိုကြောင်းများနှင့် ပြန်ကြားလိုက်လေသည်။ သို့ပါသော်လည်း အင်္ဂလိပ်တို့က လိုက်နာလက်ခံခြင်းမပြုဘဲ ၁၂၄၇ခု တန်ဆောင်မုန်းလတွင် အထက်မြန်မာနိုင်ငံသို့ ဆန်တက်လာလေသည်။ မြန်မာတို့ဘက်က ပြောပလောက်အောင် ခုခံနိုင်ခြင်းမရှိသဖြင့် မင်းလှ၊ ရေနံချောင်း၊ ပုဂံ၊ မြင်းခြံမြို့များကိုကျော်ဖြတ်၍ အင်းဝမြို့အနီးသို့တိုင် ချီတက်လာခဲ့ကြလေသည်။ ထိုအခါ မြန်မာအစိုးရက ကျောက်မြောင်း အတွင်းဝန်နှင့် ဝက်မစွတ်ဝန်ထောက်တို့အား စေလွှတ်၍ အင်္ဂလိပ်အစိုးရ တို့ တောင်းဆိုသောအချက်အားလုံးတို့ကို လိုက်နာပါတော့မည်။ စစ်ကို ရပ်ပါတော့ဟု စာပေးအကြောင်းကြားစေသည်။ သို့ရာတွင် အင်္ဂလိပ်စစ် ဗိုလ်များက ဘုရင်ခံချုပ်အမိန့်အတိုင်း ဘုရင်နှင့်တကွ နိုင်ငံကိုပါ သိမ်းယူ ရတော့မည်ဖြစ်ကြောင်း၊ စစ်ကိုမရပ်စဲနိုင်ကြောင်း ပြန်ကြားလေသည်။ ထိုမျှမကသေး မြန်မာဘုရင်က မိမိကိုယ်နှင့်တကွ လက်နက်ခဲယမ်း နေပြည်တော်ကိုပါအပ်၍ မန္တလေးမြို့ရှိ ဥရောပတိုက်သားတို့၏ အသက်

mgyoe.com

mgyoe.com


စည်းစိမ်ကို အထိအပါးမရှိခဲ့လျှင် မြန်မာဘုရင်မင်းမြတ်နှင့် ဆွေတော်မျိုးတော်တို့ကို အသက်ချမ်းသာပေး၍ ကောင်းမွန်စွာစောင့်ရှောက်မည်ဖြစ်ကြောင်း စသည်ဖြင့် ပြန်ကြားလိုက်လေသည်။

ဤတောင်းဆိုချက်ကို နေပြည်တော်က လက်ခံစဉ်းစားပြီးနောက် အင်္ဂလိပ်စစ်တပ်များကို ခုခံတိုက်ခိုက်ခြင်း မပြုရဟူ၍ ကြေးနန်းပေါက်သမျှ စစ်မျက်နှာများသို့ အမိန့်ထုတ်ဆင့်လိုက်တော့သည်။ အင်္ဂလိပ်တပ်များကား အနှောင့်အယှက်မရှိဘဲ မန္တလေးမြို့သို့တိုင်အောင် ချီတက်မြဲချီတက်လာခဲ့တော့လေသည်။

ဤတွင် အင်္ဂလိပ်တို့၏ ဇာတိရုပ် ပေါ်လာပေတော့သည်။ ဘုံဘေဘားမားသစ်ကုမ္ပဏီ၏ သစ်ခိုးမှုနှင့်ပတ်သက်၍ အိန္ဒိယဘုရင်ခံက ရာဇသံပေးပို့သည်မှာ ရတ်တရက်ဆင်လိုက်သော နည်းပရိယာယ်မျှသာ ဖြစ်လေသည်။ စင်စစ်သော်ကား အင်္ဂလိပ်တို့သည် ကျန်ရှိနေသေးသော အထက်မြန်မာနိုင်ငံကို တစ်နည်းမဟုတ် တစ်နည်း သိမ်းယူရန် ဆုံးဖြတ်ပြီးဖြစ်လေသည်။ အင်္ဂလိပ်တို့အား အထက်မြန်မာနိုင်ငံကိုသိမ်းယူရန် စေ့ဆော်ပေးခဲ့သော အကြောင်းရင်းမှာ ပြင်သစ်နှင့်မြန်မာတို့ ချုပ်ဆိုလိုက်သော မဟာမိတ်စာချုပ်ကြောင့်ပင် ဖြစ်၏။

မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ် ကဆုန်လ( ၁၈၈၃ခု မေလတွင်) မြို့သစ်မြို့စားမင်းကြီး မဟာဓေယျာသင်္ကြံကြီးမှူးသော မြန်မာသံအဖွဲ့တစ်ဖွဲ့သည် ပြင်သစ်နိုင်ငံသို့ ထွက်ခွာသွားခဲ့ကြ၏။ သံအဖွဲ့သည် လောကဓာတ်ပညာနှင့် စက်မှုလက်မှုလုပ်ငန်းကြီးများကို လေ့လာရန်ဟု အကြောင်းပြု၍ ထွက်ခွာသွားကြသည်။ ထိုအဖွဲ့ထဲတွင် မင်းတုန်းမင်းကြီးလက်ထက်က အင်္ဂလန်ပြည်၊ ပြင်သစ်ပြည်နှင့် အီတလီပြည်များတွင် ပညာတော်သင်အဖြစ် သွားရောက်ခဲ့သူ ခပ်များများ ပါဝင်သည်။

မြန်မာသံအဖွဲ့သည် ပြင်သစ်နိုင်ငံတွင် နှစ်နှစ်ကြာမျှ နေထိုင်ပြီး

mgyoe.com

mgyoe.com



နောက် ပြင်သစ်မြန်မာ မဟာမိတ်စာချုပ်ကြီးကို ချုပ်ဆိုကြလေသည်။ ထိုစာချုပ်တွင်ပါသော အရေးကြီးသော အချက်များမှာ–

(၁) မန္တလေးမှ ပြင်သစ်ပိုင်တောင်တွင်းနယ်အထိ ပြင်သစ်အစိုးရစရိတ်ဖြင့် မီးရထားလမ်းဖောက်လုပ်ရန်။

(၂) ၎င်းမီးရထားလမ်းကို ၇ နှစ်နှင့် အပြီးတိုင် ဆောက်လုပ်ရန်။

(၃) မန္တလေးမြို့တွင် ပြင်သစ်ဘဏ်တိုက်တစ်ခု ဖွင့်ရန်နှင့် မြန်မာဘုရင်သို့ ထိုဘဏ်က ငွေချေးပြီးလျှင် ကျောက်တွင်းနှင့်လက်ဖက်လုပ်ငန်းကို ထိုဘဏ်က တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်သွားရန်။

(၄) ထိုဘဏ်ကို ပြင်သစ်နှင့်မြန်မာတို့ ပါဝင်သောအဖွဲ့တစ်ဖွဲ့က အုပ်ချုပ်ရန်။

(၅) မြန်မာအစိုးရအား ပြင်သစ်တို့က လက်နက်နှင့်ခဲယမ်းမီးကျောက်များ ရောင်းချရန် စသောအချက်များ ပါဝင်လေသည်။ ထို့အပြင် ပြင်သစ်ဝန်ကြီးချုပ်ထံမှ မြန်မာနိုင်ငံဝန်ကြီးချုပ်ထံသို့ ပေးပို့သောစာတွင် လက်နက်ခဲယမ်းများကို ပြင်သစ်နိုင်ငံမှ တိုက်ရိုက်မယူဘဲ ပြင်သစ်ပိုင် တောင်တွင်းနယ်မှတစ်ဆင့် မြန်မာအစိုးရသို့ ပေးအပ်မည်ဆိုသော အချက်များလည်း ပါဝင်လေသည်။

ပြင်သစ်မြန်မာ မဟာမိတ်စာချုပ်ကြီးကို ချုပ်ဆိုရန် မြန်မာသံအဖွဲ့ဝင်တို့ ပဲရစ်မြို့တွင် ကြိုးစားနေကြစဉ်အတွင်း ပြင်သစ်ပြည်တွင် ထားရှိသော အင်္ဂလိပ်သံအမတ်ကြီး လော့ဒ်လိုင်ယွန်(Lord Lyons)က မြန်မာနိုင်ငံအား အကူအညီမပေးရန်၊ စာချုပ်မချုပ်ရန် အမျိုးမျိုး နှောင့်ယှက်ဖျက်ဆီးခဲ့လေသည်။ မြန်မာအစိုးရနှင့် ဘုံဘေဘားမားကုမ္ပဏီတို့ သစ်မှုအတွက် စကားများနေစဉ်အတွင်းတွင်လည်း အင်္ဂလိပ်နန်းရင်းဝန်ကြီး

mgyoe.com

mgyoe.com


လော့ဒ်ဆဲစဗာရီ (Lord Salisbury) (M. Waddington) နှင့်လည်းကောင်း၊ ပြင်သစ်အစိုးရနှင့် လည်းကောင်း၊ ပြင်သစ်မြန်မာစာချုပ်နှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန် စကားပြောနေရလေသည်။

အချုပ်ကိုဆိုရသော် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား ပြင်သစ်တို့ စိုးမိုးခြယ်လှယ်သွားမည်ကို အလွန်စိုးရိမ်လေသည်။ ထို့ကြောင့် ပြင်သစ်မြန်မာ မဟာမိတ်စာချုပ်ကြီးကို ပြင်သစ်ပါလီမန်တွင် အတည်ပြု၍ ပြင်သစ်သမ္မတကြီးက လက်မှတ်မထိုးမီ မြန်မာနိုင်ငံအား အပြီးအပိုင်သိမ်းပိုက်ရန် အစီအစဉ်များ ပြုလုပ်လေတော့သည်။

ဝင်စတန်ချာချီရေးသားသော (သူ့ဖခင်) လော့ဒ်ရင်းဒေါ့ဖ်ချာချီ၏ အတ္ထုပ္ပတ္တိစာအုပ်တွင်လည်းကောင်း၊ ဂျော့ပီးရေးသားသော အင်္ဂလန်ပြည်၏ မိတ်ဆွေများခေါ် စာအုပ်တွင်လည်းကောင်း၊ မစ္စတာဟေးလ်ရေးသားသော ဥရောပတိုက်နှင့် မြန်မာနိုင်ငံဆိုသော စာအုပ်တွင်လည်းကောင်း ပြင်သစ်တို့က မြန်မာနိုင်ငံကို ဝင်ရောက်ခြယ်လှယ်လာတော့မည်ဖြစ်၍ အရေးတကြီး စစ်ပြုရကြောင်း၊ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းယူလိုက်ရကြောင်းများကို ဖော်ပြထားလေသည်။

## ပါတော်မူပြီ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အင်္ဂလိပ်စစ်တပ်သည် အဆီးအတားမရှိ ချီတက်သွားလေရာ သက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၇ ရက်နေ့တွင် မန္တလေးဂေါဝိန်ဆိပ်သို့ ရောက်ပြီးလျှင် ၈ ရက်နေ့တွင် သီပေါမင်းနှင့်တကွ မိဖုရားနှစ်ပါး၊ မှူးမတ်အချို့တို့ကိုပါ ဖမ်းဆီးခေါ်ဆောင်သွားလေတော့၏။

၁၂၄၇ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်(၁၈၈၆ ခု ဇန်နဝါရီလ ၁ ရက်) နေ့တွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်ပိုင် နိုင်ငံတော်ဖြစ်ကြောင်း

mgyoe.com

mgyoe.com


ထုတ်ပြန်ကြေညာလိုက်လေသည်။

## ကျွန်မခံလို အသက်သာအသေခံမည်

အင်္ဂလိပ်အစိုးရတို့သည် ဘုရင်နှင့်တိုင်းပြည်ကို အလွယ်တကူ သိမ်းပိုက်ယူနိုင်သော်လည်း တိုင်းပြည်ကိုကား အလွယ်တကူ အုပ်ချုပ်နိုင်စွမ်းမရှိချေ။ မြန်မာနိုင်ငံတစ်ဝန်းလုံး တိုင်းတစ်ပါးသား၏လက်အောက်သို့ ကျဆုံးသွားရှာလေပြီဟု ကြားသိရသည်နှင့် တစ်ပြိုင်နက် မြန်မာလူမျိုးအပေါင်းတို့သည် ကြိမ်မီးအုံးသကဲ့သို့ ယူကျုံးမရ ဖြစ်ကြရှာသည်။

ရှေ့တန်းစစ်မျက်နှာသို့ ရောက်ရှိနေကြသော စစ်ဦးစီးပုဂ္ဂိုလ်အချို့နှင့် မြို့စား၊ ရွာစား၊ တပ်သားများပါမကျန်၊ တိုင်းတစ်ပါးသား၏ လက်အောက်သို့ တိုးလျှိုးဝင်ရောက် ခစားရမည်ထက် အသက်သေသည်ကပင် မြတ်သေးသည်ဟု စွဲမြဲယုံကြည်စွာ မိမိတို့ရှာဖွေစုဆောင်း၍ ရရှိသမျှသော သေနတ်၊ တုတ်၊ ဓား အစရှိသော လက်နက်များကိုစွဲကိုင်၍ အင်္ဂလိပ်တို့အား ပြောက်ကျားစနစ်ဖြင့် တော်လှန်ပုန်ကန်ကြလေသည်။

အင်္ဂလိပ်တို့သည် မန္တလေးမြို့သို့ အလွယ်တကူ သိမ်းပိုက်နိုင်သော်လည်း အထက်မြန်မာနိုင်ငံကိုကား အလွယ်တကူနှင့် ငြိမ်ဝပ်ပိပြားသွားအောင် မဆောင်ရွက်နိုင်ခဲ့ပေ။ အထက်မြန်မာနိုင်ငံတွင် နေရာအနှံ့အပြား၌ပင် တော်လှန်ပုန်ကန်မှုများ ပေါ်ပေါက်လာခဲ့၏။

မန္တလေးမြို့အနီးတစ်ဝိုက်တွင် တော်လှန်ပုန်ကန်ကြသူများမှာ မြင်ကွန်းမင်းသားကြီး၏ နောက်လိုက်များဖြစ်လေသည်။ သူတို့သည် မန္တလေးမြို့တွင်းသို့ဝင်၍ ရဲဌာနတစ်ခုကို အောင်မြင်စွာသိမ်းယူနိုင်ခဲ့လေသည်။ မန္တလေးအပြင်ဘက်တွင် မင်းတုန်းမင်း၏သားတော် မြင်စိုင်းမင်းသားသည် ပလိပ်၊ လမိုင်းနှင့် ဓိးပင်ကြီးစသော စခန်းတစ်လျှောက်ကို

mgyoe.com

mgyoe.com



အမှီပြု၍ တော်လှန်လေသည်။

ဗန်းမော်နယ်တစ်ဝိုက်တွင် ခေါင်းဆောင်တော်လှန်သော ပုဂ္ဂိုလ်မှာ ဝန်းသိုစော်ဘွားကြီးပင်ဖြစ်၏။ ဝန်းသိုစော်ဘွားကြီးသည် မင်းတုန်းမင်း၏ သစ္စာတော်ခံလူရင်းဖြစ်သဖြင့် အင်္ဂလိပ်တို့အောက်သို့ကျို့ရန် ဆန္ဒလုံးဝမရှိပေ။ ထို့ကြောင့် ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြားတစ်လျှောက်ဒေသနှင့် ဝန်းသိုပတ်ဝန်းကျင်ဒေသများကို အင်္ဂလိပ်တို့အုပ်ချုပ်၍ မရအောင် အကြီးအကျယ် နှောင့်ယှက်ပုန်ကန်ခဲ့လေသည်။

ရွှေဘိုနယ်ဘက်တွင် သီပေါမင်း၏ ညီအစ်ကိုတော်စပ်သူများဖြစ်သော ထိပ်တင်မှတ်၊ ထိပ်တင်သိမ်းစသောမင်းသားများကစ၍ တော်လှန်ကြ၏။ အခြားခေါင်းဆောင်များမှာ ဗိုလ်လှဦး၊ ဗိုလ်ပုံချို၊ ဗိုလ်အောင်မြတ်နှင့် ရှိန်းမကားအရပ်မှ ဗိုလ်ရိုင်တို့ဖြစ်လေသည်။ ဗိုလ်ရိုင်ကား ခွဲလုံ့လ၊ စွမ်းရည်သတ္တိနှင့် ပြည့်စုံသူဖြစ်၏။ အင်္ဂလိပ်စစ်တပ်များကို အလစ်တွင်ဝင်၍ အခါခါတိုက်ခဲ့သူဖြစ်၏။ နောက်ဆုံး သေနတ်ကျည်ဆန်ကုန်သည့်အချိန်အထိ လက်မမြှောက်၊ အရှုံးမပေးဘဲ အင်္ဂလိပ်တို့အား တုတ်ခဲဖြင့်ထု၍ ခုခံခဲ့သူဖြစ်၏။ ဗိုလ်ရိုင်အကြောင်းကို အင်္ဂလိပ်အရာရှိကြီးတစ်ဦးဖြစ်သူ ဖီးလဒင်းဟောလ်ကပင် သူ၏စာအုပ်တွင် အထူးချီးကျူးဂုဏ်ပြု၍ ရေးသားထားခဲ့သည်။

ဗိုလ်လှဦး၏တပည့်များဖြစ်သော ဗိုလ်မင်းအိုနှင့် ဗိုလ်သာပွဲတို့သည် စစ်ကိုင်းတစ်နယ်လုံးကို အုပ်ချုပ်ထားရုံမျှမက အင်္ဂလိပ်အရာရှိများနှင့် အဆက်အဆံပြုသော သစ္စာဖောက်များ၊ အင်္ဂလိပ်လက်အောက်သို့ ခိုဝင်သောမြို့သူကြီးများ စသည်တို့ကိုပင် သုတ်သင်ဆုံးမပြခဲ့သူများဖြစ်၏။

အင်းဝနယ်တစ်ဝိုက်တွင် အင်္ဂလိပ်တပ်များကို ခွက်ခွက်လန်အောင် ခုခံတိုက်ခိုက်ကြသူများမှာ မက္ကရာမင်းသားကြီး၏မြေးတော်

mgyoe.com

mgyoe.com



ထိပ်တင်ရန်နိုင်၊ ထိပ်တင်ရန်ပိုင်ခေါ် ချောင်းခွမင်းသားများ ဖြစ်၏။ ချောင်းခွမင်းသားများ၏ လက်ရုံးတစ်ဆူဖြစ်သော ဗိုလ်ရွှေရန်သည် ချောင်းခွမှနေပြီးလျှင် ပန်းလောင်နှင့်စမုံမြစ်ကြား ဒေသများသို့တိုင်အောင် တော်လှန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူဖြစ်၏။

မြင်စိုင်းမင်းသားသည် ဖီးပင်ကြီးစခန်းမှ ဆုတ်ခွာလာခဲ့ပြီးနောက် ကျောက်ဆည်နယ် ရခိုင်ကြီးရွာ၊ ရှာင်ရွာများတွင် စခန်းချ၍ တော်လှန်ပုန်ကန်ပြန်သည်။ မြင်စိုင်းမင်းသားသည် ရှာင်ရွာ၌ အနိစ္စရောက်သွားလေရာ သူ၏တော်လှန်ရေးတပ်သည် ကစဥ့်ကလျား ဖြစ်သွားလေတော့သည်။

ပုဂံနယ် ပုပ္ပားတစ်လျှောက်တွင် ဗိုလ်ချို၊ ကြည့်မြင်တိုင်မင်းသားနှင့် ဗိုလ်နက်ကျော်တို့ လှုပ်ရှားတော်လှန်ကြသည်။ ဆင်ဖြူကျွန်းနှင့် လယ်ကိုင်းအရပ်များတွင် ဘုန်းကြီးဥတ္တမက ဗိုလ်လုပ်၍ တော်လှန်လေသည်။ ၁၈၈၆ ခု ကုန်လုဆဲဆဲအချိန်ခန့်တွင် မင်းဘူးမြောက်ဘက်တစ်လွှားကို ဘုန်းကြီးဦးဗိုလ်ဥတ္တမက သိမ်းပိုက်ပြီးဖြစ်၍ ဗိုလ်ဆွေက တောင်ဘက်တစ်လွှားကို သိမ်းပိုက်ထားနိုင်ခဲ့လေသည်။ အင်္ဂလိပ်တို့သည် သူတို့နှစ်ဦးကို နှစ်အတန်ကြာအောင် နှိမ်နင်းတိုက်ခိုက်ရလေသည်။

တောင်တွင်းကြီးနယ်တစ်လျှောက်တွင် တော်လှန်ကြသူများမှာ မြို့ပင်သူကြီးနှင့် နတ်မောက်မြို့မှ ဗိုလ်ချုပ်အောင်ဆန်း၏အဘိုးတော်သူ ဗိုလ်မင်းရောင်တို့ဖြစ်၏။ ဗိုလ်မင်းရောင်၏လက်အောက်တွင် လက်နက်ကိုင်တပ်သားများသာမက ဆင်အားမြင်းအားများလည်း ကောင်းလှသဖြင့် အင်္ဂလိပ်တို့တပ် အခါခါ လန်ခဲ့ရလေသည်။

ပျဥ်းမနားတစ်ဝိုက်တွင် သိမ်ကုန်းသူကြီး၊ ဗုဒ္ဓရာဇာ၊ သီဟရာဇာနှင့် ကြည့်မြင်တိုင်မင်းသားတို့က တော်လှန်ကြသည်။ ထိုပုဂ္ဂိုလ်တစ်စုသည် အင်္ဂလိပ်တို့သိမ်းပိုက်ထားသော ပျဥ်းမနားမြို့ကိုပင် တိုက်ယူနိုင်

mgyoe.com

mgyoe.com


ခဲ့လေသည်။ ပျဉ်းမနားမြို့ပြင်တစ်ဝိုက်နှင့် ရမည်းသင်းတစ်နယ်လုံးကို သူတို့ သိမ်းပိုက်နိုင်ခဲ့သည်။

မိတ္ထီလာနယ်တွင် မြင်စိုင်းမင်းသား၏ နောက်လိုက်များဖြစ်သော ဗိုလ်မြတ်မှုန်၊ ဗိုလ်မောင်ကြီး၊ ဗိုလ်မောင်လတ်တို့ဦးစီး၍ တော်လှန်ကြ၏။ သာစည်နယ်မင်းလှတွင် ဗိုလ်ကံ၊ ဗိုလ်နံ့နှင့် ဗိုလ်ရှုန်ဆိုသူ ညီအစ်ကို သုံးဦးတို့က ခေါင်းဆောင်၍ တော်လှန်ကြလေသည်။

ထိုသို့မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တော်လှန်ရေးမီးပွားများ အားကောင်းနေချိန်တွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းတောင်ကုန်းဒေသ၊ အရှေ့ဘက်သံလွင်မြစ်တစ်လျှောက်တို့တွင်လည်း မြန်မာတို့၏ သွေးရင်းသားရင်းများဖြစ်ကြသော ရှမ်း၊ ကချင်၊ ကယား၊ ကရင်နှင့် ချင်းလူမျိုးများတို့သည်လည်း မိမိတို့စုရုံးရရှိသမျှ လူသူလက်နက်တို့ဖြင့် နယ်ချဲ့ရန်ကို ခုခံတော်လှန်ကြကုန်လေသည်။

အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးသောအခါ မြန်မာဘုရင်ပိုင် ရှမ်းပြည်သည်လည်း အလိုအလျောက် ဗြိတိသျှလက်အောက်သို့ ရောက်ပြီးဖြစ်သည်ဟု အင်္ဂလိပ်တို့ ယူဆကြ၏။ ထိုအယူအဆကား အလွန်လွဲမှားသော အယူအဆ ဖြစ်လေသည်။

သီပေါဘုရင်ကို အင်္ဂလိပ်တို့ဖမ်းသွားစဉ်ကပင် အတင်းဝင်ရောက်လုယူမည်ဟု လူငါးရာနှင့် မဟာမြတ်မုနိအနီးတွင် ပုန်းလျှိုးစောင့်ဆိုင်းနေခဲ့သူမှာ ညောင်ရွှေစော်ဘွားကြီးပင် ဖြစ်လေသည်။ ဤအကြောင်းကို ရိပ်မိသော အင်္ဂလိပ်တို့သည် သီပေါမင်းအား ထိုလမ်းမှမခေါ်ဆောင်ဘဲ တခြားလမ်းမှ အစောင့်အကြပ်များစွာနှင့် ခေါ်ဆောင်သွားရလေသည်။

သီပေါဘုရင် နန်းကျပြီးနောက် ရှမ်းစော်ဘွားများသည် လင်းပင်မင်းသားကြီးနှင့် ပူးပေါင်းကာ အင်္ဂလိပ်တို့အား ခုခံတိုက်ထုတ်ခဲ့လေသည်။ ၁၈၉၀ ခုနှစ်ကျမှ ကျိုင်းတုံနယ်ကိုပေး၍ အညံ့ခံကြသည်။

mgyoe.com

mgyoe.com


အင်္ဂလိပ်တို့သည် ကချင်လူမျိုးများကိုလည်း လွယ်လင့်တကူ သိမ်းသွင်းအုပ်ချုပ်နိုင်ခဲ့သည် မဟုတ်ပေ။ ကချင်ဒူးဝါးများသည် လက်နက်လူသူ စုဆောင်း၍ မိမိတို့နယ်မြေပေါ်သို့ ကျူးကျော်လာသော အင်္ဂလိပ်များကို တစ်သုတ်ပြီးတစ်သုတ် တိုက်ထုတ်ခဲ့လေသည်။ ဤနည်းဖြင့် ကချင်လူမျိုးတို့သည် ၉ နှစ်ကျော် ၁၀ နှစ်နီးပါး အင်္ဂလိပ်တို့ကို တော်လှန်ပုန်ကန်ခဲ့လေရာ ခရစ် ၁၈၉၅ ခုနှစ်သို့ရောက်မှ တော်လှန်ရေးအရှိန်ကျဆင်းသွားလေသည်။

မြောက်ပိုင်းချင်းတောင်နယ်ဘက်သို့ ချီတက်လာကြသော အင်္ဂလိပ်စစ်တပ်များသည်လည်း ချင်းလူမျိုးတို့၏ ပြင်းထန်သော ခုခံတိုက်ခိုက်မှုကို ခံရလေသည်။ တီးတိန်အရပ်၊ စီရင်အရပ်တို့တွင် ချင်းလူမျိုးတို့သည် နှစ်အတော်ကြာအောင် အင်္ဂလိပ်တို့ကို ခုခံတိုက်ခိုက်ခဲ့ကြ၏။ ချင်းတောင်အလယ်ပိုင်းတွင် ခုခံတိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန် မရှိလှသော်လည်း ချင်းတောင်နယ်တောင်ပိုင်းတွင်ကား ဟားခါးလူမျိုးနှင့် အခြားချင်းလူမျိုးများက အင်္ဂလိပ်စစ်တပ်များကို ပြင်းထန်စွာ ခုခံတော်လှန်ခဲ့ကြသည်။ ချင်းလူမျိုးများ မည်သို့ခုခံတော်လှန်ခဲ့ကြပုံကို ကမ္ပည်းကျောက်စာ ထိုးထားကြသဖြင့် အချို့ကမ္ပည်းစာများကို ချင်းတောင်ဒေသများတွင် ယနေ့တိုင် တွေ့မြင်နိုင်ပေသေးသည်။

ခရစ်နှစ် ၁၈၉၆ ခုနှစ်တွင် အင်္ဂလိပ်တို့ နောက်ဆုံးတိုက်ခိုက်နှိမ်နင်းနေရသောဒေသမှာ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်ဖြစ်၍ တော်လှန်ပုန်ကန်နေကြသူများမှာ ချင်းလူမျိုးများ ဖြစ်လေသည်။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းယူစဉ်က သထုံနယ်မှာ ကရင်လူမျိုးတို့ အင်အားအတောင့်ဆုံးနယ်မြေ ဖြစ်လေသည်။ကရင်လူမျိုးများသည် အင်္ဂလိပ်စစ်တပ်ကို အခါခါဝင်ရောက်တိုက်ခိုက်ခဲ့ရာ အင်္ဂလိပ်များ တလန့်လန့်တထိတ်ထိတ်နှင့် နေကြရ၏။ နောက်ဆုံးတွင် သထုံ

mgyoe.com

mgyoe.com


မြို့ကိုအုပ်ချုပ်နေသော အင်္ဂလိပ်အုပ်ချုပ်ရေးအဖွဲ့သည် ထိုနေရာမှ ပြောင်းရွှေ့ပြေးရသည်အထိ အခြေအနေ ဆိုးဝါးခဲ့လေသည်။

မြန်မာတို့၏ ညီနောင်သားချင်းများဖြစ်သော ကယားလူမျိုးတို့၏ တော်လှန်မှုများကို ကြည့်ပါဦး။ မြန်မာနိုင်ငံအထက်ပိုင်းကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးကြောင်း ကြေညာပြီးသည့်နောက် အင်္ဂလိပ်တို့သည် ကယားတို့ပြည်နယ်ကိုလည်း သိမ်းယူရန် ကြိုးစားပြန်သည်။ ကြယ်ဖိုးကြီး၊ ဘော်လခဲနှင့် ကန္တာရဝတီနယ်များမှ ကယားလူမျိုးတို့သည် အင်္ဂလိပ်သစ္စာကို မခံလိုကြောင်း အတိအလင်း ထုတ်ဖော်ပြသကြ၏။ အထူးသဖြင့် ကန္တာရဝတီမြို့စားသည် အင်္ဂလိပ်လက်အောက်သို့ကျို့၍ မဝင်ရုံမျှမက အင်္ဂလိပ်သစ္စာတော်ခံဖြစ်သော ရှမ်းပြည်မောက်မယ်နယ်ကိုပင် သစ္စာ ခံရပါမည်လောဟု ဝင်ရောက်တိုက်ခိုက်လိုက်သေး၏။

ကယားလူမျိုးတို့၏ဖွဲ့၊ သတ္တိ၊ ဇာတိမာန်စသော စွမ်းရည်သတ္တိများကြောင့် အင်္ဂလိပ်တို့သည် ကယားပြည်နယ်ကို လုံးလုံးလျားလျား ပိုင်ဆိုင်အုပ်ချုပ်သွားနိုင်ခြင်း မရှိခဲ့ပေ။ ကယားနယ်တွင် မြို့စားများခန့်အပ်လျက် အင်္ဂလိပ်အစိုးရအား နှစ်စဉ်အခွန်ဘဏ္ဍာ အထိုက်အလျောက်သာလျှင် ဆက်ခဲ့ကြရလေသည်။

ဤသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တော်လှန်ရေးကို ဦးစီးခေါင်းဆောင်ပြုလုပ်ခဲ့သူများသည် မြန်မာတစ်မျိုးသားလုံး သူတစ်ပါးလက်အောက်သို့ ရောက်ရှိသွားပြီးလျှင် ကျွန်စာရင်းသွတ်သွင်းခံရမည်ကို မကြည့်ရက်နိုင်၊ မခံစားလိုကြသောကြောင့် ဇာတိစိတ်ဇာတိမာန် တက်ကြွကာ ခုခံတော်လှန်ခဲ့ကြသူများ ဖြစ်ပေသည်။ ဤမြန်မာမျိုးချစ်ပုဂ္ဂိုလ်ကြီးတို့ တော်လှန်ခဲ့ကြစဉ် ဗဟိုမှ ပေါင်းစည်းချုပ်ကိုင်သော စနစ်မျိုး မရှိသည်သာမက တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်သွယ်ကူညီမှုများပင် ပြောပလောက်အောင် မရှိခဲ့ပေ။ သူတို့အဖို့ စိတ်အားတက်ကြွအောင် လှုံ့ဆော်

mgyoe.com

mgyoe.com


ပေးမည့် မျှော်လင့်ချက်ပန်းတိုင်များလည်း မရှိခဲ့။ ရှင်းရှင်းဆိုရလျှင် သူတို့သည် အာဏာရလို၍ (ဝါ) ရှင်ဘုရင်လုပ်လို၍ လက်နက်စွဲကိုင်ခဲ့သူများ မဟုတ်ပေ။ သီပေါဘုရင်နှင့် သီပေါဘုရင်၏အုပ်ချုပ်မှုများကို ချစ်မြတ်နိုးလှ၍ တော်လှန်ပုန်ကန်ကြသည်လည်း မဟုတ်ပေ။ စင်စစ်သော်ကား သူတစ်ပါးလက်အောက်တွင် ကျွန်သပေါက်ဖြစ်ရသည်ထက် အသက်သေသည်က မြတ်သေးသည်ဆိုသော ဇာတိစိတ်မီးအလျှံဖြင့် တော်လှန်ရေးအရှိန်အဝါကို ကြီးမားဖြစ်ပေါ်စေခဲ့လေသည်။

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲကြီး ပြီးဆုံးပြီးသည့်နောက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ငြိမ်ဝပ်ပိပြားရေးကို ရရှိရန်အတွက် အင်္ဂလိပ်တို့သည် ၁၀ နှစ်နီးပါးခန့် လူပေါင်းများစွာ အသေခံ၊ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဆောင်ရွက်ရလေသည်။

မြန်မာတို့ကား အားမတန်၍ မာန်လျှော့လိုက်ရသော်လည်း တအုံနွေးနွေး၊ တဆွေးမြည့်မြည့်၊ တသွေ့ယောင်းယောင်းနှင့်ပင် တိုင်းတစ်ပါးသားတို့၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်ကြရလေသည်။

❖

mgyoe.com

mgyoe.com


## တိုင်းတစ်ပါးအောက် ကျွန်သပေါက်

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲအပြီး ရခိုင်နှင့်တနင်္သာရီတိုင်းတို့ကို အင်္ဂလိပ်တို့အား ပေးလိုက်ရကြောင်းကို အထက်တွင် ဖော်ပြခဲ့ပေပြီ။ ရှေးဦးအစတွင် ရခိုင်နယ်ကို ဘင်္ဂလားအစိုးရအောက်တွင်ထား၍ အုပ်ချုပ်လေသည်။ ထို့အတူ တနင်္သာရီနယ်ကိုလည်း ပလောပီနံ့နယ်ရှိ ဝေလမင်းသားကျွန်းကို အုပ်ချုပ်သော ဘုရင်ခံမင်းကြီး၏လက်အောက်တွင် ထားလေသည်။ ထားဝယ်နှင့် သံလွင်နယ်အကြားရှိ အရပ်ကိုမူ ဗြိတိသျှစစ်ဘက်က အုပ်ချုပ်လေသည်။ ရခိုင်နှင့် တနင်္သာရီတိုင်းတို့တွင် အင်္ဂလိပ်တို့က အခြားအခွန်တော်များအပြင် လူခွန်တော်ကို စတင်ကောက်ခံလေသည်။

အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ရခိုင်၊ တနင်္သာရီနှင့်ပဲခူးနယ်တို့ကို စုပေါင်းကာ ကာနယ်ဖယ်ရာအား မဟာဝန်ရှင်တော်မင်းကြီးခန့်အပ်၍ အုပ်ချုပ်လေသည်။ ထိုအခါ ပဲခူးနယ်တွင်လည်း လူခွန်တော်ခန့်ခွဲ ကောက်ခံလာလေသည်။

mgyoe.com

mgyoe.com


## သွေးစုပ်စနစ် အမြစ်တွယ်ပြီ

အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် သစ်လုပ်ငန်းများကို ဘုံဘေဘားမားကုမ္ပဏီက တိုးချဲ့လုပ်ကိုင်လာလေသည်။ ပြည်တွင်းရေကြောင်း သွားလာမှုလုပ်ငန်းကို အစိုးရတို့အကူအညီဖြင့် ဧရာဝတီကုမ္ပဏီက လက်ဝါးကြီးအုပ်လေတော့သည်။

ရန်ကုန်နှင့်ပြည် ရထားလမ်းကို ၁၈၇၇ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ ရန်ကုန်တောင်ငူ မီးရထားလမ်းကို ၁၈၆၉ ခုနှစ်တွင် စတင်ဖွင့်လှစ်လေသည်။

အင်္ဂလိပ်အစိုးရတို့သည် စီးပွားရေးဈေးကွက်ကို အဓိကထားသော အစိုးရဖြစ်သဖြင့် ငွေပင်ငွေရင်းမြှုပ်နှံရန်၊ လွတ်လပ်စွာကူးသန်းရောင်းဝယ်ခွင့်ရရန် နည်းလမ်းများကို အစဉ်ရှာဖွေလေသည်။ မင်းတုန်းမင်းတရားကြီးလက်ထက်မှစ၍ အင်္ဂလိပ်ကုန်သည်၊ ကုလားကုန်သည်တို့သည် အထက်မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ကူးသန်းရောင်းဝယ်နိုင်သည်သာမက အထက်မြန်မာနိုင်ငံကိုဖြတ်၍ အိန္ဒိယပြည်နှင့် တရုတ်ပြည်များသို့တိုင်အောင် လွတ်လပ်စွာ ကူးသန်းရောင်းဝယ်နိုင်ကြလေသည်။

ကုန်သည်များအဖို့ လွယ်ကူစေရန် ရန်ကုန်မြို့တွင် ၁၈၆၂ ခုနှစ်ကပင် ဘဏ်တိုက်များ စတင်ဖွင့်လှစ်လေသည်။ ဘင်္ဂလားဘဏ်၊ ဩစတြေးလျဘဏ်၊ တရုတ်ချားတားဘဏ်နှင့် အခြားဥရောပတိုက်သားပိုင်ဘဏ်တိုက်ခွဲများ စတင်ဖွင့်လှစ်ကာ ကုန်သည်များအား ငွေထုတ်ချေးနေလေသည်။

၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်းကြီး ဖောက်လုပ်ပြီးစီးသွားသဖြင့် ဥရောပတိုက်မှ အရှေ့နိုင်ငံသို့သွားလိုသော သင်္ဘောများသည် ရက်တိုတိုနှင့် အရှေ့နိုင်ငံသို့ ပေါက်ရောက်နိုင်လေသည်။ စူးအက်တူးမြောင်းဖောက်လုပ်ပြီးနောက် မြန်မာနိုင်ငံမှဆန်များ အနောက်နိုင်ငံသို့

mgyoe.com

mgyoe.com


တစ်နှစ်ထက်တစ်နှစ် ပိုမိုရောင်းချရလေသည်။ အင်္ဂလိပ်အစိုးရတို့သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ မြေရိုင်းများကို အခမဲ့ဝေငှကာ လယ်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်စေလေသည်။

ရခိုင်တိုင်းနှင့် ပဲခူးတိုင်းတွင် နေ့ချင်းညချင်းဆိုသလို လယ်ကွက်များလည်း တိုးပွားလာခဲ့သည်။ လူဦးရေများလည်း များပြားလာခဲ့သည်။ အကြောင်းသော်ကား ရခိုင်တိုင်းနှင့် အောက်မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံမှ ကုလားလူမျိုးများ အများအပြား ဝင်ရောက်လာခဲ့သည်။ အထက်မြန်မာနိုင်ငံမှလည်း တောသူတောင်သားအများအပြားပင် အောက်မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းလာကြပြီးလျှင် ဓားမဦးချ လယ်ယာတီထွင် လုပ်ကိုင်လာကြလေသည်။

အောက်မြန်မာနိုင်ငံနှင့် ရခိုင်တိုင်းတွင် လူဦးရေမည်မျှ တိုးတက်လာပုံကို အောက်ပါဇယားများတွင် တွေ့နိုင်ပေသည်။

**အောက်မြန်မာနိုင်ငံ**

| | | |
|---|---|---|
| ၁၈၅၅ ခု | ၁,၄၆၁,၀၀၀ | ယောက် |
| ၁၈၇၂ ခု | ၂,၇၄၇,၁၄၈ | ယောက် |
| ၁၈၈၁ ခု | ၃,၇၃၆,၇၇၁ | ယောက် |
| ၁၈၉၁ ခု | ၄,၆၅၈,၆၂၇ | ယောက် |

**ရခိုင်တိုင်း**

| | | |
|---|---|---|
| ၁၈၃၀ ခု | ၁၈၁,၀၀၀ | ယောက် |
| ၁၈၈၁ ခု | ၅၈၉,၀၀၀ | ယောက် |

အောက်မြန်မာနိုင်ငံတွင် ၂၅ နှစ်အတွင်း လူဦးရေ ၂ ဆခွဲသာသာ တိုးလာခဲ့၍ ရခိုင်တိုင်းတွင် အနှစ် ၅၀ အတွင်း ၃ ဆကျော်ကျော် ဖြစ်လာလေသည်။

mgyoe.com

mgyoe.com



| | |
|---|---|
| ၁၈၅၅ ခုနှစ်တွင် | အထက်မြန်မာနိုင်ငံ ၃၆,၀၀,၀၀၀ ယောက် |
| ၁၈၅၅ ခုနှစ်တွင် | အောက်မြန်မာနိုင်ငံ ၁,၄၆၁,၀၀၀ ယောက် |

| | |
|---|---|
| ၁၈၉၁ ခုနှစ်တွင် | အထက်မြန်မာနိုင်ငံ ၃,၄၃၉,၃၈၇ ယောက် |
| ၁၈၉၁ ခုနှစ်တွင် | အောက်မြန်မာနိုင်ငံ ၄,၆၅၈,၆၂၇ ယောက် |

အထက်ပါဇယားနှစ်ခုကို ယှဉ်ကြည့်ခြင်းအားဖြင့် နှစ်ပေါင်း ၃၆ နှစ်အတွင်းတွင် အထက်မြန်မာနိုင်ငံတွင် လူဦးရေ သိသိသာသာကြီး လျော့သွားပြီးလျှင် အောက်မြန်မာနိုင်ငံတွင် သိသိသာသာကြီး တိုးတက်လာပုံကို သိနိုင်ပေသည်။

အောက်မြန်မာနိုင်ငံတွင် လယ်မြေဧကများ တိုးတက်လာခဲ့ပုံကို အောက်ပါဇယားကိုကြည့်က သိသာနိုင်ပေသည်။

| **နှစ်** | **ဧက** | **တစ်နှစ်အတွင်းတိုးသောဧက** |
|---|---|---|
| ၁၈၅၂–၁၈၅၃ | ၆၀၀,၀၀၀ | |
| ၁၈၇၂–၁၈၇၃ | ၁,၅၀၀,၀၀၀ | ၄၅,၀၀၀ |
| ၁၈၈၂–၁၈၈၃ | ၂,၈၆၀,၀၀၀ | ၁၃၆,၀၀၀ |
| ၁၈၉၂–၁၈၉၃ | ၄,၄၆၇,၀၀၀ | ၁၆၀,၀၀၀ |
| ၁၉၀၂–၁၉၀၃ | ၆,၆၄၉,၀၀၀ | ၂၁၈,၀၀၀ |
| ၁၉၁၂–၁၉၁၃ | ၇,၉၁၃,၀၀၀ | ၁၂၆,၀၀၀ |
| ၁၉၂၂–၁၉၂၃ | ၈,၉၃၆,၀၀၀ | ၁၀၂,၀၀၀ |

အင်္ဂလိပ်အစိုးရတို့သည် ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးစေရန် တဖြည်းဖြည်းကုန်းလမ်းခရီး၊ ရေလမ်းခရီးနှင့် မီးရထားလမ်းများကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့လေသည်။ ၁၈၈၃ ခုနှစ်တွင် တွံတေးတူးမြောင်းကြီးကို

mgyoe.com

mgyoe.com



ဖောက်လုပ်ပေးလိုက်သဖြင့် ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ်ဒေသများ အလွယ်တကူ ကူးလူးဆက်ဆံနိုင်လေသည်။

### ဗျူရိုကရေစီ ယန္တရား

အင်္ဂလိပ်တို့သည် အထက်မြန်မာနိုင်ငံကို သိမ်းယူပြီးစတွင် မန္တလေး၊ မြင်းခြံ၊ ပုဂံ၊ မင်းလှ၊ မင်းဘူး၊ ပျဉ်းမနားစသော နယ်များကို စီရင်စုများဖွဲ့၍ အရေးပိုင်များ ခန့်ထားအုပ်ချုပ်စေ၏။ ကျန်နယ်ပယ်အားလုံးတို့ကို ကာနယ်စလေဒင်ဆိုသူ ကြီးမှူးသော မြန်မာလွှတ်တော်က အုပ်ချုပ်လေသည်။ ထိုနောက် လွှတ်တော်ကိုဖျက်သိမ်း၍ လွှတ်တော်အစား ကင်းဝန်မင်းကြီးစသော မြန်မာမှူးမတ်ပညာရှိတချို့ ပါဝင်သော အကြံပေးအဖွဲ့နှင့် အုပ်ချုပ်လေသည်။

၁၈၉၇ ခုနှစ်တွင် မြန်မာနိုင်ငံကို ဘင်္ဂလားနယ်ဘုံဘောကဲ့သို့ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်လိုက်ပြီးလျှင် ယခင်ကထားရှိသော မဟာမင်းကြီးရာထူးကို ပယ်ဖျက်၍ လက်ဖတင်နင်ဂါဗာနာခေါ် ဒုတိယဘုရင်ခံတစ်ယောက်ကိုခန့်၍ အုပ်ချုပ်စေ၏။ ဘုရင်ခံအကြံပေးအဖွဲ့တွင် ပုဂ္ဂိုလ် ၉ ဦး ပါဝင်လေသည်။ ထို ၉ ဦးစလုံးကိုပင် ဘုရင်ခံသဘောနှင့် ခန့်အပ်လေသည်။ လေးဦးမှာ အစိုးရအမှုထမ်းများဖြစ်၍ ငါးဦးမှာ အမှုထမ်းမဟုတ်သူများ ဖြစ်လေသည်။

ထိုစဉ်အချိန်တွင် အင်္ဂလန်ပြည်တွင် ပါလီမန်လွှတ်တော်ကြီးမားမားမတ်မတ် တည်ရှိနေပြီဖြစ်သော်လည်း အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံများကို ဗြိတိသျှပါလီမန်ထုံးတမ်းစဉ်လာဖြင့် အုပ်ချုပ်ခဲ့သည် မဟုတ်ပေ။ ကိုလိုနီစနစ်ဖြင့် အုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်အရာရှိဟောင်း တစ်ဦးဖြစ်သူ ဟာဗီက "မြန်မာပြည်ကို ကျွန်ုပ်တို့ပေးခဲ့သည်မှာ အစိုးရအဖွဲ့မဟုတ် အုပ်ချုပ်ရေး ယန္တရားမျှသာဖြစ်၏" ဟု သူ၏ **"ဗြိတိသျှ**

mgyoe.com

mgyoe.com


**တို့ မြန်မာနိုင်ငံကို အုပ်စိုးစဉ်က"** အမည်ရှိသောစာအုပ်တွင် ဖော်ပြထားလေသည်။

၁၉၀၉ ခုနှစ်တွင် အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ဂျွန်မော်လေနှင့် အိန္ဒိယဘုရင်ခံချုပ်မင်တိုတို့ ရေးဆွဲကြသော မင်တိုမော်လေ ပြုပြင်ရေးစီမံကိန်းအရ ဒုတိယဘုရင်ခံ၏ အကြံပေးအဖွဲ့ကို ၉ ဦးမှ ၁၅ ဦးအထိ တိုးချဲ့ခန့်ထားခဲ့လေသည်။ ထို ၁၅ ဦးအနက် ၁၄ ဦးကို ဒုတိယဘုရင်ခံက မိမိသဘောဖြင့် ရွေးချယ်ခန့်ထားလေသည်။ ကျန်တစ်ဦးမှာ မြန်မာနိုင်ငံကုန်သည်ကြီးများ အမည်ခံသော ဥရောပတိုက်သား ကုန်သည်ကြီးအသင်းမှ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ် ဖြစ်လေသည်။

အင်္ဂလိပ်အစိုးရသည် ဤသို့ဖြင့် ကိုလိုနီအုပ်ချုပ်ရေး၊ ကိုလိုနီစီးပွားရေးနှင့် ကိုလိုနီပညာရေး စနစ်များကိုသာ ပုံသွင်းချမှတ်ပေးလေတော့သည်။ နိုင်ငံတွင်းရှိ အရေးကြီးသောလုပ်ငန်းကြီး မှန်သမျှကို အင်္ဂလိပ်လူမျိုးများနှင့် ဥရောပတိုက်သားများက လက်ဝါးကြီးအုပ်၍ ခြယ်လှယ်နေပေတော့သည်။

မိုးကုတ်မြို့ရှိ ကျောက်နီ(ပတ္တမြား) တွင်းကို အထက်မြန်မာပြည်ကို သိမ်းပြီးနောက် ၃ နှစ်မျှအကြာ (၁၈၈၉) ခုနှစ်တွင် မြန်မာပြည်ပတ္တမြားတွင်းကုမ္ပဏီခေါ် မျက်နှာဖြူကုမ္ပဏီတစ်ခုအား တစ်ဦးတည်းပိုင် လုပ်ခွင့်ပေးလေသည်။

မြန်မာပြည်အလယ်ပိုင်းရှိ ရေနံတွင်းများကို ရေးပဝေသဏီအခါကစ၍ တွင်းစားမျိုးရိုးများ ပိုင်လာခဲ့ကြသည်။ မင်းတုန်းမင်းကြီးပင် ရေနံတွင်းများကို ပိုင်ဆိုင်နိုင်ရန် အထက်တန်းစားမျိုးရိုးသမီးကို ကောက်ယူခဲ့ရ၏။

အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်သိမ်းပိုက်ပြီးသည်နှင့် တစ်ပြိုင်နက် အင်္ဂလိပ်ရေနံကုမ္ပဏီများ မှိုလိုပေါက်လာခဲ့သည်။ အားလုံးအထဲ

mgyoe.com

mgyoe.com


တွင် ၁၈၈၆ ခုနှစ်တွင် တည်ထောင်လိုက်သော ဘီအိုစီကုမ္ပဏီမှာ အကြီးဆုံးဖြစ်လေသည်။ ပထမသော် ရေနံတွင်းစားများထံမှ ရေနံကိုဝယ်ယူ၍ ရောင်းချကြသည်။ ထို့နောက် တွင်းစားများထံမှ ရေနံတွင်းများကို အဖိုးချိုသာစွာဖြင့် ဝယ်ယူတူးဖော်ကြသည်။ နေရာသစ်မြေသစ်များကို ဂရန်များယူ၍ တူးဖော်လုပ်ကိုင်လေသည်။ နှစ်ပေါင်း ၁၀ နှစ်ခန့်အတွင်းတွင် ဘီအိုစီကုမ္ပဏီများစွာ ကြီးပွားလာလေသည်။ ၁၉၀၈ ခုနှစ်တွင် ရေနံမြေမှ ရေနံချက်ရာ သန်လျင်မြို့သို့အထိ မိုင်ပေါင်း ၃၂၅ မိုင်ရှည်၍ အချင်း ၁၀ လက်မရှိသော ရေနံပိုက်လုံးကို ဆက်သွယ်နိုင်ခဲ့လေသည်။ ရေနံမြေမှာ ၁၉၀၀ ပြည့်နှစ်မတိုင်မီက တစ်နှစ်လျှင် ရေနံဂါလန် ၃ သန်းမျှထွက်၍ ၁၉၀၃ ခုနှစ်တွင် ဂါလန်ချိန် ၈၅ သန်း ထွက်လေသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကမူ တစ်နှစ်လျှင် ဂါလန်သန်းပေါင်း ၂၅၀ ကျော်အထိ ထွက်ခဲ့လေသည်။

စူးအက်တူးမြောင်းကြီး မဖောက်မီက မြန်မာနိုင်ငံတွင်ထွက်သော ဆန်စပါးများမှာ ပြည်တွင်းစားသုံးရန်အတွက်သာ ဖြစ်ခဲ့သည်။ ထိုစဉ်က စပါးတင်း တစ်ရာလျှင် ၄၅ ကျပ် ၅၀ မျှသာ ဈေးရှိလေသည်။ စူးအက်တူးမြောင်း ဖောက်လုပ်ပြီးသောအချိန်တွင် စပါးဈေးမှာ တစ်နေ့တခြား ကြီးမြင့်လာခဲ့လေသည်။ ၁၈၉၁ ခုနှစ်တွင် စပါးတင်းတစ်ရာကို ၉၂ ကျပ်ဈေး ရှိသည်။ နောက်တစ်နှစ်(၁၈၉၂) ခုနှစ်သို့ ရောက်လျှင်ပင် စပါးတင်းတစ်ရာလျှင် ၁၂၇ ကျပ်ဈေး ဖြစ်လေသည်။

နိုင်ငံခြားသို့ ဆန်တင်ပို့သော ဥရောပတိုက်သား ကုန်သည်ကြီးများသည် ထိုသို့ဆန်ဈေးမြင့်လာပါက လယ်သမားများ အကျိုးရှိစေပြီးလျှင် မိမိတို့ အမြတ်အစွန်းနည်းတော့မည်ဟု သိမြင်လာကြသည်။ ထို့ကြောင့် မျက်နှာဖြူ ဆန်ကုန်သည်များတစ်စုတို့ စုပေါင်းကာ "ဘူလင်ဂျာပူးလ်" ဆိုသော အဖွဲ့တစ်ဖွဲ့ကို ၁၈၉၃ ခုနှစ်တွင် ဖွဲ့စည်းလိုက်သည်။

mgyoe.com

mgyoe.com


ထိုအဖွဲ့သည် ဥရောပနှင့် အိန္ဒိယနိုင်ငံများတွင် ဆန်ဈေးများအလွန်ကောင်းနေသော်လည်း မြန်မာပြည်တွင် စပါးတစ်ရာလျှင် မည်မျှသာပေး၍ ဝယ်မည်ဟု ဈေးညှိထားခဲ့ကြ၏။ ထို့ကြောင့် ၎င်းအဖွဲ့ပေါ်လာသော ၁၈၉၃ ခုနှစ်၌ပင် စပါးဈေးမှာ တင်းတစ်ရာလျှင် ၇၇ ကျပ်သို့ တစ်မဟုတ်ချင်း ကျသွားလေသည်။ "ဘူလင်ဂျာပူးလ်" အဖွဲ့သည် ၁၉၁၃ ခုနှစ်သို့တိုင်အောင် မြန်မာနိုင်ငံ ဆန်စပါးဈေးကို သူ့လက်တွင် ထားခဲ့လေသည်။ ထိုအဖွဲ့ကို ဦးစီးခေါင်းဆောင်လုပ်သော ကုမ္ပဏီမှာ စတီးဘရားသားပင်ဖြစ်၏။ စတီးဘရားသားသည် ဆန်စပါးဈေးကို ချုပ်ကိုင်ထားသဖြင့် နေ့ချင်းညချင်း ကြီးပွားခဲ့လေသည်။ ကျူးဘား၊ ပါလက်စတိုင်း၊ အိန္ဒိယနိုင်ငံများတွင် ဆန်ရောင်းချရေးဌာနခွဲများ ဖွင့်ခဲ့နိုင်လေသည်။

## ချစ်တီးများ

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို ထွန်ယက်စိုက်ပျိုးနိုင်အောင် ဖန်တီးစဉ်က တောင်သူလယ်သမားများသည် ငွေပင်ငွေရင်းများ လိုလေသည်။ တောင်သူလယ်သမားများသည် အိန္ဒိယနိုင်ငံတောင်ပိုင်းမှ ရောက်ရှိလာကြသော ချစ်တီးများထံမှ မိမိတို့လိုသောငွေများကို ချေးယူကြ၏။ ချစ်တီးများက မျက်နှာဖြူလူမျိုးများပိုင် ဘဏ်တိုက်ကြီးများမှ ငွေတစ်ရာလျှင် တစ်နှစ်ကို ၈ ကျပ်တိုး ၉ကျပ်တိုးမျှနှင့် ငွေချေးယူကြ၏။ ထို့နောက် လယ်သမားများကို ငွေတစ်ရာအပေါ်တွင် တစ်နှစ်လျှင် ၁၅ ရာခိုင်နှုန်းမှ ၃၉ ရာခိုင်နှုန်းအထိ နှစ်ထပ်တိုးစနစ်ဖြင့် ချေးယူထုတ်ကြသည်။ လယ်သမားများက လယ်ကိုအပေါင်ထား၍ ငွေချေးကြရ၏။ နောက်ဆုံးချစ်တီးကြွေးကို မဆပ်နိုင်သည့်အခါ လယ်များအသိမ်းခံကြရ၏။ စစ်ကြီးမဖြစ်မီက မြန်မာနိုင်ငံတွင် ငွေချေးသော ချစ်တီးကုမ္ပဏီပေါင်း ၁၆၀၀ ကျော် ရှိခဲ့

mgyoe.com

mgyoe.com


သည်။ ဤသို့ဖြင့် ၁၉၄၇ ခုနှစ်ခန့်တွင် မြန်မာနိုင်ငံအောက်ပိုင်း၌ လယ်ဧကပေါင်း ၁၁ သန်းကျော် ရှိသည့်အနက် ၅ သန်း ၃ သိန်းကျော်မှာ ချစ်တီးများနှင့် အခြားလယ်မလုပ်သူများ လက်ထဲသို့ရောက်ရှိ သွားခဲ့လေသည်။

စပါးဈေးကို အင်္ဂလိပ်ကုန်သည်ကြီးများက ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်၊ ငွေလို၍ ငွေချေးယူသည့်အခါ ချစ်တီးက အတိုးကြီးကြီးနှင့် ချေးသော စနစ်များကြောင့် လယ်သမားများမှာ လုံးပါးပါးခဲ့ကြ၏။ ၁၉၂၉–၃၀ ခုနှစ် ဘဏ်စုံစမ်းရေးကော်မတီ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် လယ်သမားများ၏ ကြွေးမြီပေါင်းမှာ ကုဋေ ၅၀ ကျော် ၆၀ နီးပါး ရှိလေသည်။

၁၉၄၁ ခုနှစ်တွင် ချစ်တီးများပိုင်သော လယ်မြေဧကပေါင်း ၂ သန်း ၅ သိန်းကျော် ဖြစ်လေသည်။ ထို့အပြင် အပေါင်အနှံခံထားသော လယ်ဧကပေါင်းမှာလည်း ၅ သိန်းခန့် ရှိလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လွတ်လပ်ရေးရလျှင်ရချင်း လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေကို ပြဋ္ဌာန်းအတည်ပြုခဲ့ကြရခြင်းဖြစ်သည်။

## ပညာရေး

ထိုစဉ်အခါက အင်္ဂလိပ်တို့ပေးထားသော ပညာရေးစနစ်ကို ကြည့်ရှုပါဦး။ အင်္ဂလိပ်တို့က အထက်တန်းကျောင်း ကောလိပ်ကျောင်းကြီးများဖွင့်ပေးရန် ရည်ရွယ်ခဲ့ပါသလော၊ မရည်ရွယ်ခဲ့ပါ။ သာမန်အောက်တန်း မြန်မာကျောင်းကလေးများကို ဘုန်းကြီးကျောင်းများတွင်ဖြစ်စေ၊ ရပ်ရွာထဲတွင်ဖြစ်စေ ဖွင့်လှစ်စေခဲ့လေသည်။ ၁၈၉၁ ခုနှစ်က ပြဋ္ဌာန်းထားသော ပညာရေး ကိုဲလက်စွဲစာအုပ်တွင် အစိုးရက ငွေကြေးအကုန်အကျခံ၍ စာသင်ကျောင်းများ ဖွင့်လှစ်ပေးမည့်အစား အရပ်သားများထဲမှ

mgyoe.com

mgyoe.com


မိမိတို့ဘာသာ တည်ထောင်ဖွင့်လှစ်ထားသည့် တိုင်းရင်းသားဘာသာ ကျောင်းများကို စစ်ဆေးကြည့်ရှုပြီးလျှင် သင့်လျော်သောအကူအညီကို ပေးသင့်သည်ဟု အတိအလင်း ရေးသားထားလေသည်။

တချို့ကျောင်းများမှာ အစိုးရအထောက်အပံ့ မရသဖြင့် ပျက်စီးခဲ့ရသည်။ ကာလအတန်ကြာလတ်သော် အင်္ဂလိပ်ကုမ္ပဏီကြီးများနှင့် အစိုးရရုံးများအတွက် စာရေးစာချီများလိုလာသဖြင့် အင်္ဂလိပ်–မြန်မာ အလယ်တန်းကျောင်းများကို ဖွင့်ပေးခဲ့သည်။ ထိုအချိန်က တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုလိုလျှင် ကာလကတ္တားတက္ကသိုလ်သို့သွား၍ ဖြေကြရ၏။ တက္ကသိုလ်တွင် ဆက်လက်သင်ကြားလိုလျှင်လည်း ဘင်္ဂလားသို့ပင် သွားရ၏။ ၁၈၈၀ ပြည့်နှစ်သို့ရောက်သောအခါမှ မြန်မာနိုင်ငံတွင် စာစစ်အဖွဲ့ကို ဖွဲ့ပေးခဲ့သည်။ စာသင်ကျောင်းများတွင် ၉ တန်းအထိ သင်ကြားပေးပြီးလျှင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုမူ ဘင်္ဂလားကပင် စစ်ဆေးလျက်ရှိလေသည်။

ရန်ကုန်မြို့တွင် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင် အထက်တန်းကျောင်းကို ၁၈၇၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ကာလကတ္တား ယူနီဗာစတီလက်အောက်ခံ ကောလိပ်ကျောင်းတစ်ကျောင်း ဖြစ်လာခဲ့သည်။ ထိုအချိန်က အထက်တန်းကျောင်းများမှာ အလွန်နည်းပါးလေသည်။

ကျောင်းများတွင်လည်း အင်္ဂလိပ်တို့ရေးသောစာအုပ်များ၊ သို့မဟုတ် အင်္ဂလိပ်အလိုတော်ရိများရေးသော စာအုပ်များကိုသာ သင်ကြားကြရ၏။ အထူးသဖြင့် ရာဇဝင်စာအုပ်များမှာ ဗမာလူမျိုးတို့၏ ဇာတိစိတ်ဇာတိမာန်ကို ချိုးနှိမ်ဖျက်ဆီးထားပြီးလျှင် အင်္ဂလိပ်တို့ မြန်မာနိုင်ငံသို့ သိမ်းယူရသည်မှာ တရားနည်းလမ်းကျသည်ဟု အထင်အမြင်ပေါက်အောင် ရေးသားထားသော စာအုပ်များဖြစ်လေသည်။ အင်္ဂလိပ်စာသင်

mgyoe.com

mgyoe.com


သော ကျောင်းများသို့ အင်္ဂလိပ်အရာရှိကြီးများ လာရောက်သည့်အခါ "ဘုရားသခင်သည် အင်္ဂလိပ်ဘုရင်မင်းမြတ်ကို ကယ်မတော်မူပါ" အစချီသော အင်္ဂလိပ်အမျိုးသားသီချင်းကို သီဆိုရလေသည်။

မြန်မာစာသက်သက်သင်သော ကျောင်းများတွင် ၁၉၂၅ ခုနှစ်နောက်ပိုင်းအထိ မြန်မာလိုရေးစပ်ထားသော အင်္ဂလိပ်ဘုရင်ဘုန်းတော်ဘွဲ့ကို ကျောင်းသားများက သီဆိုကြရလေသည်။

ထိုဘုန်းတော်ဘွဲ့မှာ အောက်ပါအတိုင်းဖြစ်၏။

အောင်ဆုသြဘာ၊ မင်္ဂလာဖြင့်၊ ဆယ်ဖြာလက်မြှောက်ဆက်ကာလျှောက်ပိမ့်၊ စိုက်ထောက်အောင်လံ၊ ဂြိုဟ်ဗြိတိန်နှင့်၊ နိုင်ငံအိန္ဒိယ၊ အစိုးရသည်၊ ဘဝသခင်၊ ဂျော့ဘုရင်နှင့် အရှင်မိဖုရား၊ မြတ်နှစ်ပါးတို့၊ တိုင်းကားစိုးစံ၊ ပြည်နိုင်ငံဝယ်၊ ရန်မာန်ကင်းပြီး၊ ဘုန်းတော်ကြီးလျက်၊ သက်တော်ရှည်စွာ၊ ဆယ်ဖြာဓမ္မ၊ သင်္ဂဟနှင့်၊ နာယကဂုဏ်၊ ကိုယ်လုံးခြံ၍၊ တိမ်ဖုန်မသမ်း၊ လပြည့်ဝန်းသို့၊ ရွှေနန်းတော်တက်၊ နှစ်သက်မြတ်နိုး၊ အုပ်ခါစိုးသည်။ ။ တန်ခိုးနေသို့ ထွန်းစေသော်။

## လူမှုဆက်ဆံရေး

အင်္ဂလိပ်များက မြန်မာလူမျိုးများအပေါ်တွင် သဘောထားပုံနှင့် မြန်မာနိုင်ငံသို့ အတင်းရိုက်သွင်းထားသော လူမှုဆက်ဆံရေးအခြေအနေများကိုလည်း အနည်းငယ် ဖော်ပြလိုပါသည်။

အင်္ဂလိပ်တို့သည် မြန်မာကျောင်းကန်ဘုရား၊ ဝတ္တကမြေများပေါ်သို့ ဖိနပ်မချွတ်ဘဲ တံခါးမရှိဓားမရှိ ဝင်ထွက်သွားလာကြ၏။ သို့ရာတွင် မြန်မာအရာရှိများက သူတို့ထံသို့ဝင်လျှင် ဖိနပ်ချွတ်၍ ပျပ်ဝပ်ဒူးတုပ်ကြရသည်။ သူတို့အား သခင်ကြီး၊ သခင်လေးဟု ခေါ်စေသည်။ လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးသံတော်ဦး တင်ကြရသည်။

mgyoe.com

mgyoe.com


မီးရထားတွဲများတွင် သီးသန့်အခန်းများထား၍ "ဥရောပတိုက်သားများအဖို့သာ" ဟု စာဆွဲထားလေသည်။ ထိုတွဲပေါ်သို့ မြန်မာများတက်မိမှားလျှင် ကြီးစွာသော ရာဇဝတ်မှုကို ကျူးလွန်သည်နှင့် မခြားတော့ပေ။

ရာထူးဌာနတွေရ ခန့်ထားသည့်ဘက်တွင် ကြည့်ပါဦး။ ၁၉၁၄ ခုနှစ်မတိုင်မီက တစ်လလျှင် လစာ ၁၀၀၀ိ/–ကျော်ရသောအလုပ်မျိုးတွင် မြန်မာထဲမှ တစ်ယောက်တလေမျှပင် မခန့်ခဲ့ပေ။

၁၉၁၄ ခုနှစ်တွင် ၁ ရာခိုင်နှုန်းမျှ ခန့်ခဲ့သည်။ အိုင်စီအက်ဟုခေါ်သော အထက်တန်းအရာရှိရာထူးများတွင် ၁၉၂၃ ခုနှစ်မတိုင်မီက အင်္ဂလိပ်လူမျိုးကိုချည်း ခန့်ခဲ့သည်။ ၁၉၂၃ ခုနှစ်နောက်ပိုင်းမှ မြန်မာများကို ရွေးချယ်ခန့်အပ်ခဲ့လေသည်။

ပုလိပ်ဘက်၊ ယစ်မျိုးဘက်၊ သစ်တောဘက်၊ မြေတိုင်းဘက်စသော ဌာနကြီးများတွင် အထက်တန်းရာထူးများကို အင်္ဂလိပ် သို့မဟုတ် မျက်နှာဖြူသွေးပါသော ကပြားများကိုသာ ခန့်ခဲ့သည်။ ၁၉၃၅–၃၆ ခုနှစ်အထိပင် ပုလိပ်အဖွဲ့၌ တစ်လလျှင် ၁၄၀၀ ကျော်ရသော အရာရှိကြီး ၃၉ ဦးရှိခဲ့သည်။ ရာဇဝတ်ဝန်ကြီးတစ်ဦး၏ လစာမှာ ၂၄၀၀ကျပ်မှ ၂၆၀၀ ကျပ်အထိ ဖြစ်လေသည်။

အင်္ဂလန်ပြည်မှ လာရောက်အမှုထမ်းကြသော အထက်တန်းအရာရှိကြီးများအတွက် လခရင်းအပြင် နိုင်ငံရပ်ခြားစရိတ်၊ ဧည့်စရိတ်၊ အင်္ဂလန်သို့ အခွင့်နှင့် ပြန်စရိတ်စသည်ဖြင့် အပိုစရိတ်များ ဆောင်းပေးသေးသဖြင့် အင်္ဂလိပ်အရာရှိကြီးတစ်ဦး အငြိမ်းစားယူ၍ အင်္ဂလန်သို့ ပြန်လျှင် ခြံကြီးဝင်းကြီးနှင့် မြို့စားကြီးပမာ နေထိုင်နိုင်ကြလေသည်။

ဤမျှနှင့်ပင် အင်္ဂလိပ်တို့၏ ကိုလိုနီလူမှုဆက်ဆံရေးစနစ်ကို သဘောပေါက်လိမ့်မည်ဟု ယူဆမိပါသည်။

❖

mgyoe.com

mgyoe.com


## အမျိုးသားများ နိုးကြားစပြုပြီ

အင်္ဂလိပ်တို့သည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ၁၀ နှစ်လုံးလုံး တော်လှန်မှု၊ ပုန်ကန်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်းကို အထက်တွင် ဖော်ပြခဲ့ပေပြီ။ ထို ၁၀ နှစ်ကျော်လွန်ပြီးနောက်၊ နောက် ၁၀ နှစ်ခန့် ကာလတွင် မြန်မာတို့၏ ဇာတိစိတ်ဇာတိမာန်မှာ မီးခဲပြာဖုံးသဖွယ် ဖြစ်ခဲ့သည်။

အပြိုင်အဆိုင်ရောင်းဝယ်မှုများ၊ အပြိုင်အဆိုင် လယ်ယာလုပ်ကိုင်မှုများ ပေါ်ပေါက်လာသဖြင့် ဆင်းရဲသားတောင်သူလယ်သမားတို့မှာ တစ်ဝမ်းတစ်ခါးဝအောင် ကြိုးစားလုပ်ဆောင် နေကြရလေသည်။

မင်းမျိုးစိုးနွယ်တို့ကိုလည်း အင်္ဂလိပ်တို့က ထိုက်သင့်သောလခ ရိက္ခာများ ထောက်ပံ့လေသည်။ မြန်မာဘုရင်လက်ထက်တွင် အမှုထမ်းခဲ့သော မှူးမတ်ပညာရှိများကိုလည်း ရာထူးအသင့်အတင့်ပေး၍ အမှုထမ်းဆောင်စေခဲ့လေသည်။

ထိုမှတစ်ပါး အင်္ဂလိပ်တို့က မိမိတို့၏ကျေးဇူးသစ္စာကို စောင့်သိမည့် ပုဂ္ဂိုလ်များကိုရှာဖွေကာ ရာထူးရာခံကောင်းစွာ ပေးကမ်းထားခြင်း

mgyoe.com

mgyoe.com



ခံရသော လူတန်းစားများလည်း ရှိပေသည်။

ထိုလူတန်းစားများသည် အင်္ဂလိပ်တို့ပေးထားသော ရာထူးရာခံဖြင့် သွေးနားထင်ရောက်ကာ ဆင်သေပေါ်စီးလိုက်သည့် ကျီးမိုက်၏ပုံပမာလို၊ စားကာသောက်ကာ ကျွန်ပီတိအရတော်သည်ဟု ခပ်ပျော်ပျော် နေထိုင်ခဲ့ကြ၏။

အိန္ဒိယနိုင်ငံတွင် ၁၈၈၅ ခုနှစ်တွင် အိန္ဒိယကွန်ဂရက်အသင်းကြီးကို စတင်တည်ထောင်ခဲ့၏။ အိန္ဒိယကွန်ဂရက် အသင်းအကြောင်းကို မြန်မာတို့တစ်စတစ်စနှင့် သိလာကြ၏။ မြန်မာနိုင်ငံတွင်လည်း အသင်းအပင်းများရှိသင့်သည်ဟု ယူဆလာကြသည်။

၁၈၉၇ ခုနှစ်တွင် မန္တလေးမြို့၌ ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးကို တည်ထောင်ခဲ့သည်။ ထိုနောက် သာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့လေသည်။

## ဝိုင်အမ်ဘီအေအသင်း

၁၂၆၈ ခု(ခရစ်နှစ် ၁၉၀၆) ခုနှစ်တွင် အင်္ဂလိပ်စာတတ် လူငယ်တစ်စုတို့သည် ဝိုင်၊ အမ်၊ ဘီ၊ အေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကို တည်ထောင်ကြ၏။ အသင်းကြီး၏ ရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာ ကြီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ရန်ဖြစ်လေသည်။ အသင်းကြီးတည်ထောင်စက နှစ်ပတ်လည် အစည်းအဝေးကြီးများတွင် အင်္ဂလိပ်အမျိုးသားသီချင်းဖြစ်သည့် "ဘုရားသခင်သည် ဘုရင်မင်းမြတ်ကို စောင့်ရှောက်တော်မူပါ" ဆိုသော သီချင်းကို သီဆို၍ပင် အစည်းအဝေး ဖွင့်လှစ်ခဲ့ကြသည်။ ဝိုင်အမ်ဘီအေအသင်းများသည် ရန်ကုန်မြို့ပေါ်တွင်သာမက နယ်တွင်လည်း အသင်းခွဲများ တည်ထောင်လာခဲ့လေသည်။

mgyoe.com

mgyoe.com



ဝိုင်အမ်ဘီအေအသင်းကြီး၏ စတင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများမှာ—

(က) စေတီတော် ဝတ္တကမြေများအတွင်းနှင့် ဘုန်းကြီးကျောင်းပရိဝုဏ်များအတွင်းသို့ ဖိနပ်စီး၍ဝင်ခြင်းများကို ကန့်ကွက်ခြင်း။

(ခ) ရွှေတိဂုံကုန်းတော်အောက်ရှိ စစ်တပ်များကို ပြောင်းရွှေ့ပေးရန်နှင့် ရွှေတိဂုံနောက်ဘက်မုခ်ကို ဖွင့်ပေးရန်ကိစ္စ။

(ဂ) မီးရထားတတိယတွဲများတွင် ဥရောပတိုက်သားများအဖို့ဟု သီးခြားစီမံထားခြင်းကို ပယ်ဖျက်ရန်။

(ဃ) ဘုန်းတော်ကြီးများအတွက် ဘုန်းကြီးတွဲဟူ၍ သီးသန့်တွဲများ ထားပေးရန်။

(င) မြန်မာတိုင်းရင်းသား မဟုတ်သူများကို လယ်ယာအထွက် အပိုင် မြေဂရန်များ၊ အငှားဂရန်များကို ထုတ်မပေးရန်။

(စ) အစိုးရအထောက်အပံ့ခံ မည်သည့်အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းများတွင်မဆို ဗြိတိသျှတိုင်းရင်းသားကိုသာ ကျောင်းအုပ်ကြီး၊ ကျောင်းဆရာကြီးများအဖြစ် ခန့်ထားရန် စီစဉ်ချက်များကို ကန့်ကွက်ခြင်း။

(ဆ) ဗုဒ္ဓဘာသာ မြန်မာမိန်းမများသည် လူမျိုးခြားများနှင့် ထိမ်းမြားလျှင် ဗုဒ္ဓဘာသာဓမ္မသတ်နှင့် အညီသာလျှင် ထိမ်းမြားစေရန် ဥပဒေပြုလုပ်ပေးရန် တောင်းဆိုခြင်းစသော လုပ်ငန်းများကို လုပ်ဆောင်ခဲ့လေသည်။

ထိုအချိန်က နိုးကြားထကြွစွာ ဆောင်ရွက်ခဲ့သော ခေတ်ပညာတတ်လူငယ်များနှင့် ရှေးဆန်သော အင်္ဂလိပ်အလိုတော်ရိ လူကြီးများ အကြိမ်ကြိမ်အခါခါ သဘောထား ကွဲလွဲခဲ့ကြသည်။ ပဋိပက္ခ ဖြစ်ခဲ့ကြ

mgyoe.com

mgyoe.com


သည်။

ဝိုင်အမ်ဘီအေအသင်းများ လှုပ်လှုပ်ရှားရှား ဆောင်ရွက်နေစဉ်အတွင်း ပထမကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့သည်။

၁၉၁၅ ခုနှစ်တွင် အတည်ပြုသော အိန္ဒိယကောင်စီ အက်ဥပဒေအရ မြန်မာပြည်ဥပဒေပြု မင်းတိုင်ပင်အဖွဲ့ကို အမတ် ၃၀ အထိ တိုးချဲ့ခွင့်ရလေသည်။ ထိုအဖွဲ့ဝင် ၃၀ အနက် ဒုတိယဘုရင်ခံက ခန့်ထားမည့်သူ ၂၆ ယောက်၊ ဒုတိယဘုရင်ခံက ခန့်ထားမည့် ဥပဒေပါရဂူ ၂ ယောက်၊ ဥရောပတိုက်သားများ ဖွဲ့ထားသည့် မြန်မာနိုင်ငံကုန်သည်ကြီးအသင်းမှ ကိုယ်စားလှယ် ၁ ယောက်၊ နိုင်ငံခြားသားများဖွဲ့ထားသော ရန်ကုန်မြို့ ကူးသန်းရောင်းဝယ်ရေးအသင်းမှ ၁ ယောက် ပါဝင်လေသည်။ ဒုတိယဘုရင်ခံက ခန့်ထားမည့် အမတ် ၂၆ ဦးအနက် အရာရှိများကို ၁၂ ဦးထက်ပို၍ မခန့်ထားနိုင်ချေ။

ဤဥပဒေပြု မင်းတိုင်ပင်အဖွဲ့၏သက်တမ်းမှာ သုံးနှစ်ဖြစ်လေသည်။ မင်းတိုင်ပင်အဖွဲ့သည် မြန်မာနိုင်ငံနှင့်ဆိုင်သော ဥပဒေပြုခြင်း၊ ဘဏ္ဍာရေးဘတ်ဂျက်ကို အတည်ပြုခြင်းများကို ပြုလုပ်နိုင်သည်ဟု ဆိုထားလေသည်။ သို့သော် ဒုတိယဘုရင်ခံက ရွေးချယ်ခန့်ထားသော အမတ်ဦးရေ ၂၈ ဦးနှင့် မျက်နှာဖြူကုန်သည်ကြီးများ ကိုယ်စားလှယ် ၂ ဦးတို့ပါဝင်သော ထိုဥပဒေပြု မင်းတိုင်ပင်အဖွဲ့က မြန်မာ့အကျိုးစီးပွားကို မည်မျှဆောင်ရွက်ပေးနိုင်လိမ့်မည်ကို စဉ်းစားကြပါကုန်။

## မွန်တေဂူ ချမ်းစဖို့ဒ်စနစ်

၁၉၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အိန္ဒိယပြည်ဆိုင်ရာအတွင်းဝန် မစ္စတာမွန်တေဂူက ဗြိတိသျှပါလီမန်ထဲတွင် အိန္ဒိယပြည်ကို ဗြိတိသျှအင်ပါယာအတွင်းတွင် ပါဝင်သော နိုင်ငံကြီးတစ်နိုင်ငံအဖြစ်ဖြင့်

mgyoe.com

mgyoe.com


တဖြည်းဖြည်း ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးသွားမည်ဟု ကြေညာလိုက်သည်။

ထို့နောက် မစ္စတာမွန်တေဂူသည် အိန္ဒိယပြည်သို့ ကိုယ်တိုင်လာရောက်ပြီးလျှင် အိန္ဒိယဘုရင်ခံချုပ်ကြီး လော့ဒ်ချန်စဖို့ဒ်နှင့်အတူ အိန္ဒိယပြည်အတွင်း လှည့်လည်စုံစမ်းစစ်ဆေးလေသည်။

အတွင်းဝန်မွန်တေဂူနှင့် အိန္ဒိယဘုရင်ခံချုပ်တို့သည် မြန်မာပြည်သို့ စုံစမ်းရန်မလာဘဲ ချန်ထားကြောင်းကို ကြားသိကြရသောအခါ မြန်မာနိုင်ငံမှ ခေါင်းဆောင်များသည် မခံမရပ်နိုင် ဖြစ်လာလေသည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေအသင်းကြီးက ကိုယ်စားလှယ်လေးဦးကို ရွေးချယ်၍ ကာလကတ္တားမြို့တွင် ရောက်ရှိသော အတွင်းဝန် မွန်တေဂူနှင့်တွေ့ဆုံရန် စေလွှတ်လိုက်လေသည်။ သို့သော်လည်း မြန်မာကိုယ်စားလှယ်များသည် မွန်တေဂူထံမှ ကျေနပ်ဖွယ်ကောင်းသော အဖြေကို မရရှိခဲ့ပေ။

## ကရက်ဒေါက်စနစ်

ထိုအချိန်က မြန်မာပြည်ရှိ ဒုတိယဘုရင်ခံမှာ ဆာရယ်ဂျင်နယ်ကရက်ဒေါက်ဆိုသူ ဖြစ်လေသည်။ ကရက်ဒေါက်သည် သူ၏အလိုတော်ရိတစ်စုနှင့် စည်းဝေးဆုံးဖြတ်ကာ ဝိုင်အမ်ဘီအေအသင်းမှ တောင်းဆိုချက်များသည် မြန်မာလူမျိုးတို့၏ ဆန္ဒမဟုတ်ကြောင်းနှင့် ဘုရင်ခံချုပ်ထံသို့ အစီရင်ခံပြီးလျှင် ကရက်ဒေါက်စနစ်ဟုတွင်သော မြန်မာပြည်အုပ်ချုပ်ရေး မူသစ်တစ်ခုကို ရေးဆွဲတင်ပြလေသည်။

ထိုစနစ်မှာ မွန်တေဂူနှင့် ချမ်းစဖို့ဒ် အစီရင်ခံစာလောက် မကောင်းကြောင်းကို သိရှိလာသဖြင့် မြန်မာတစ်ပြည်လုံးက အစည်းအဝေးကြီးများကျင်းပ၍ ကန့်ကွက်ကြလေသည်။

mgyoe.com

mgyoe.com


## အင်္ဂလန်သို့ ကိုယ်စားလှယ်လွှတ်ပြီ

မြန်မာပြည်အရေးမှာ ဤသို့ သောင်မတင်ရေမကျ ဖြစ်နေရကား အင်္ဂလန်ပြည်သို့ ပေါက်ရောက်အောင် မပြောဆိုနိုင်လျှင် ကရက်ဒေါက် စနစ်နှင့်ပင် ရေတိမ်တွင် နစ်ရကြတော့မည်ဟု ယုံကြည်လာကြသည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေမှ ကိုယ်စားလှယ်ကြီးသုံးဦးကို ရွေးချယ်ကာ အင်္ဂလန်ပြည်သို့စေလွှတ်၍ ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းရန် ဆုံးဖြတ် လိုက်လေသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိုအချိန်က အင်္ဂလိပ်ဘာသာ အသံထွက်အတိုင်း ဟုမ္မရူးဟု ခေါ်ကြလေသည်။

ဝိုင်အမ်ဘီအေမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်သုံးဦးမှာ ဦးဘဖေ၊ ဦးပုနှင့် ဦးထွန်းရှိန်တို့ ဖြစ်ကြ၏။ ကိုယ်စားလှယ်ကြီးများ အတွက် စရိတ်စက လိုလေသေးမရှိအောင် တိုင်းပြည်က ကူညီထောက်ပံ့ ကြလေသည်။ တစ်နိုင်ငံလုံး နိုးကြားလှုပ်ရှားနေသောအချိန် ဖြစ်လေ သည်။

ဟုမ္မရူးအရေးတော်ပုံ အောင်စေကြောင်းနှင့် ကိုယ်စားလှယ်ကြီး များအား မစ္စတာမောင်မှိုင်းအမည်ခံ ဆရာကြီးဦးလွန်းက "ဩော်... ပြေ အမှုပေမို့၊ ငွေခရငယ်နှင့်၊ ဖေယျတုပါကွဲ့၊ သပြေနုချိန်တင်ရန် ပန်းတွေ ကလည်း များပါဘိသနဲ့၊ ဖေပုရှိန် အင်္ဂလန်နန်းမြေသွားတို့မှာဖြင့်၊ အား မြောက်ဖွယ်၊ ကြံလွယ်ဖန်လွယ်နှင့် အန္တရာယ်ရန်စွယ် မောင်းတဲ့ပြင်၊ မြန်နယ်ကို ပြန်လွယ်ကြောင်းတွေနှင့်၊ ဆုတောင်းကာပတ္တနာ ဆင်တဲ့ပြင်၊ ဆရာအရှင်မင်းရို့ ကိုရင်မှိုင်းမှာဖြင့် လယ်ကိုင်းသူ အရွယ်သင့်တွေနဲ့၊ မယ်မြင့်ခေါ် ကေသာဝတီရဲ့ပြင်၊ ခေမာထေရီမေရီ ကြော့ကြော့ရွှန်းတို့နှင့်၊ မဟာအလုံအညာ၊ မုံရွာတဝန်းငဲ့ပြင်၊ ဟံသာဒဂုန်ပါ၊ စံရာသထုံကျွန်း ဆီက၊ လှမ်းရက် မမေ့သူတွေမှာနော်ကွယ်၊ ဆွမ်းသက်စေ့လှူ" အစရှိ သော လေးချိုးကြီးဖြင့် ဆုတောင်းမေတ္တာ ပို့ခဲ့ပေသေး၏။

mgyoe.com

mgyoe.com


အင်္ဂလန်ပြည်သို့ လိုက်ပါသွားသော ကိုယ်စားလှယ်ကြီးသုံးဦးတို့သည် မြန်မာပြည်အတွက် လုပ်ကိုင်ခွင့်ရှိသမျှ မလစ်မဟင်းရအောင် လုပ်ကိုင်ကြလေသည်။ ခေါင်းဆောင်ကြီးများသည် အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်နှင့်လည်းကောင်း၊ သတင်းစာဆရာများနှင့် လည်းကောင်း၊ ပါလီမန်အမတ်များနှင့်လည်းကောင်း အကြိမ်ကြိမ်တွေ့ဆုံကာ မြန်မာပြည်အနာဂတ်ကာလ အုပ်ချုပ်ရေးအတွက် တိုက်တွန်းတောင်းဆိုခဲ့ကြသည်။ သို့ရာတွင် မြန်မာပြည်အုပ်ချုပ်ရေးကိစ္စကို အထက်အောက် ပါလီမန်တွဲဖက်ကော်မတီသို့ လွှဲအပ်ထားသဖြင့် တွဲဖက်ကော်မတီ၏ အစီရင်ခံစာကိုသာ စောင့်မျှော်နေရလေသည်။ တွဲဖက်ကော်မတီ၏ အစီရင်ခံစာထွက်လာပြန်သောအခါတွင်လည်း အိန္ဒိယပြည်ကိုသာ အုပ်ချုပ်ရေးသစ်တစ်မျိုးပေးလျက် မြန်မာပြည်အား ချန်လှပ်ထားခဲ့ပြန်လေသည်။ အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကြီးမွန်တေဂူက မြန်မာပြည်ကိစ္စကို နောက် ၆ လခန့်ကြာမှ စီမံနိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်ကြီးများအား ပြန်ကြားလိုက်သဖြင့် ကိုယ်စားလှယ်ကြီးများ ပြန်ခဲ့ရလေသည်။

## ဂျူဗလီအစည်းအဝေးကြီး

အင်္ဂလန်ပြည်မှ ကိုယ်စားလှယ်ကြီးများ ပြန်လည်ရောက်ရှိပြီးနောက် ၉ ရက်ခန့်အကြာ (၁၉၁၉ခု ဩဂုတ်လ ၁၇ ရက်) နေ့တွင် ရန်ကုန်မြို့ဂျူဗလီခန်းမကြီးတွင် ပြည်လုံးကျွတ် အစည်းအဝေးကြီးတစ်ခု ကျင်းပလေသည်။ ထိုအစည်းအဝေးကြီးသို့ ရန်ကုန်မြို့ပေါ်ကသာမက အမြို့မြို့အနယ်နယ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ထိုအစည်းအဝေးကြီးသည် မြန်မာပြည်တွင် ပထမဆုံးအကြိမ် ပြည်သူလူထု အံ့ကြွနိုးကြားသော အစည်းအဝေးကြီးပင် ဖြစ်လေသည်။

ထိုအစည်းအဝေးကြီးက ဒုတိယဘုရင်ခံ ကရက်ဒေါက်နှင့် သူ့

mgyoe.com

mgyoe.com


အပေါင်းပါ အလိုတော်ရိတစ်စုတို့ ကလိမ်ဉာဏ်ဆင်ပုံတို့ကို ဖွင့်ချထုတ်ဖော်သည့်အပြင် ကိုယ်စားလှယ်ကြီးများ ဘိလပ်သို့သွား၍ တောင်းဆိုခဲ့သည့်အတိုင်း ဟုမ္မရူးပန်းတိုင်သို့ ချီတက်ရန် အလေးအနက် အခိဌာန်ပြုကြလေသည်။

ဘိလပ်မှ ကိုယ်စားလှယ်ကြီးများ ပြန်လာချိန်တွင် မြန်မာနိုင်ငံတွင် မည်မျှ အမျိုးသားစိတ်တက်ကြွလျက် နိုးကြားလှုပ်ရှားနေပုံကို ဦးဖိုးကျား (ထိုစဉ်က ကျောင်းသား) က အောက်ပါအိုင်ချင်းဖြင့် မှတ်တမ်းတင်ခဲ့သည်။

"ချစ်တဲ့သူငယ်လေ။ ။ မြန်မာပြည်သား လူအများတို့လေ။ ။ ကိုယ်စားလှယ်သုံးဖြာ ရောက်သည့်ကာလ၊ ရောမြစ်ဆိပ်၊ ကမ်းနားထိပ်မှာ၊ ပရိသတ်နှင့် ရထားနှင့်။ ။ မြေဒွန်စီစဉ်၊ ရထားယဉ်မှာ မိန်းမများနှင့် ယောကျ်ားနှင့်။ ။ လမ်းစဉ်တစ်လျှောက်၊ ဘုရားရောက်အောင်၊ လူအပြည့်နှင့်အကျွေးနှင့်။ ။ ဘုရားတပ်ချဉ်း၊ ခြေတော်ရင်းမှာ၊ လူတင်းကျမ်းနှင့် အတီးနှင့်။ ။ အကြောင်းငယ်မှမျိုးစုံ၊ အဖုံဖုံကို၊ အကုန်ပြောတတ်ချေဘူး။ ။ လတ်တလောပင်၊ ကိုယ်စားလှယ်များဝင်သောအခါ၊ ဖြူစင်လန်းလန်း၊ ပန်းနှင့်ပေါက်ပေါက် ကြဲတော့တယ်။ ။ ရထားတွင်းက၊ ခရသင်းကျည်ကျည် မှုတ်တော့တယ်။ ။ ကညာပျိုစွ၊ ဆင်းရူပတို့၊ ကြိုင်လှပန်းစည်း ဆက်တော့တယ်။ တစ်မြို့လုံးမှာ၊ အုန်းအုန်းကျွက်ကျွက် ဖြစ်တော့တယ်။ လမ်းတစ်လျှောက်မှာ၊ စားသောက်ဖွယ်ရာ ကျင်းတော့။ ။ တီဂုံဆံသွင်း၊ ခြေတော်ရင်းမှာ၊ သံညင်းစည်တော် ရွမ်းတော့တယ်။ ။ မိန်းမတသင်း၊ လူခပင်းတို့၊ ဆိုခြင်းနှုတ်ခွန်း ဆက်တော့တယ်။ မြန်မာမည်ပုံကို၊ အားကုန်စိတ်နှင့် ပြောတော့တယ်။ ။ မြန်မာပြည်သူ၊ မိန်းမမူကို၊ နည်းယူအင်္ဂလန်က ခိုးရတယ်။ ။ စကားအပြီးစည်အတီးမှာ၊ လူကြီးလူငယ်ကတော့တယ်။ ။ ပြီးလျှင်တစ်ချက်၊

mgyoe.com

mgyoe.com


ရင်ပြင်ထက်မှာ၊ လက်ဆောင်ပဏ္ဏာ၊ ဩဘာစာကို၊ ဆက်ကာတင်သွင်း ဖတ်တော့တယ်။ ။ဤကိစ္စကို မိန်းမများက ဆောင်ကြတယ်။ ။ ပဒဝန္တနာ၊ ပြီးသောခါ၊ ပြန်လာကြတော့တယ်။ ။ ကြုံလည်းကြုံရတယ်၊ တွေ့လည်း တွေ့ရတယ်။ တို့ဘိုးအေနှင့်၊ ဘွားအေငယ်မှရှေ့သွား၊ လူကြီး များကို အားပါးတရ၊ ပြချင်စမ်းလှတယ်။ ။ မြန်မာတွေတိုးတက်ပုံ၊ အလုံးစုံကို အကုန်ကြည့်လှည့်ကြပါလား၊ အကျွန့်ရှေ့ကသွားတဲ့၊ လူ ကြီးများလေ”

❖

mgyoe.com

mgyoe.com


## ၁၉၂၀ ပြည့်နှစ် အရေးတော်ပုံ

၁၉၁၉ ခုနှစ် အိန္ဒိယပြည် အုပ်ချုပ်ရေးအက်ဥပဒေကို ဗြိတိသျှပါလီမန်က လက်ခံအတည်ပြုလိုက်သောအခါ အိန္ဒိယနိုင်ငံမှာ ဒိုင်အာခီခေါ် အုပ်ချုပ်ရေးစနစ်သစ်ကို ရရှိရန် သေချာခဲ့လေသည်။ သို့ရာတွင် ထိုအုပ်ချုပ်ရေးစနစ်သစ်သည် အိန္ဒိယနည်းတူ မြန်မာပြည်လည်း သက်ဆိုင်သည်ဟု မဆိုထားသဖြင့် မြန်မာများ မကျေမနပ်ဖြစ်လာကြ၏။

ဒုတိယဘုရင်ခံ ကရက်ဒေါက်ကို ရှုတ်ချသောအစည်းအဝေးများ၊ ဟုမ္မရူးအုပ်ချုပ်ရေးကို တောင်းဆိုသောအစည်းအဝေးများ မြို့နယ်အနှံ့အပြားတွင် ပြုလုပ်လာကြသည်။ တစ်နည်းအားဖြင့်ဆိုသော် မီးခဲပြာဖုံးဖြစ်နေသော မြန်မာတို့၏ ဇာတိစိတ်ဇာတိမာန်မှာ တစ်ဖန်ပြန်၍ နိုးရဲဝင်းပြောင်လာသည်ဟု ဆိုရပေမည်။

### ဦးဥတ္တမ ဆရာတော်

ထိုအချိန်က မြန်မာလူမျိုးတို့အား ဇာတိစိတ်ဇာတိမာန် ပြန်လည်တက်ကြွလာအောင် ထိုးဆွပေးခဲ့သောပုဂ္ဂိုလ်မှာ ဆရာတော်ဦးဥတ္တမ ဖြစ်

mgyoe.com

mgyoe.com


သည်ဟုဆိုရချေမည်။

ဆရာတော်ဦးဥတ္တမသည် ဥရောပနိုင်ငံနှင့် ဂျပန်နိုင်ငံများတွင် လှည့်လည်သိတင်းသုံးနေထိုင်ခဲ့သည်။ ဂျပန်နိုင်ငံတွင် မြို့စားကြီးအိုတာမိ တည်ထောင်ခဲ့သော အိုတာမိတက္ကသိုလ်ကျောင်းကြီးတွင် ပါမောက္ခ အဖြစ်ဖြင့် ကာလအတန်ကြာအောင် ဆောင်ရွက်ခဲ့သေးသည်။ ပထမ ကမ္ဘာစစ်ကြီးအပြီးတွင် ဦးဥတ္တမဆရာတော်သည် မြန်မာနိုင်ငံသို့ ပြန် လည်ဆိုက်ရောက်လာ၏။

ထိုအချိန်၌ ဘုရင်ခံဖြစ်သူ ကရက်ဒေါက်သည် မိမိ၏အုပ်ချုပ်ရေး စီမံကိန်းကို တစ်နိုင်ငံလုံးက လက်မခံဘဲ ပယ်ချလိုက်ရုံမျှမက တစ်နိုင်ငံ လုံး ဆူပူအုံကြွလျက်ရှိခြင်းကြောင့် အရာရှိဆိုးတို့၏ ထုံးစံအတိုင်း မြန်မာ လူမျိုးတို့အား နည်းအမျိုးမျိုးတို့ဖြင့် ဖိနှိပ်ရန်ကြိုးစားနေဆဲအချိန် ဖြစ်လေ သည်။ စာသင်ကျောင်းများတွင် သတင်းစာမဖတ်ရဟု အမိန့်ထုတ်ခြင်း၊ မြန်မာပြည်မှထွက်သော ဆန်စပါးမှာ နိုင်ငံခြားတွင် ဈေးကောင်းနေပါ လျက် ပြည်တွင်း၌ အင်္ဂလိပ်ကုန်သည်ကြီးများ ဈေးပေါပေါနှင့် ဝယ်ခြမ်း နိုင်စေရန် အစိုးရက ဆန်ဈေးကို ကန့်သတ်ပေးခြင်း၊ တိုင်းပြည်လူထုက အကြိမ်ကြိမ် ကန့်ကွက်သော်လည်း ရွှေတိဂုံစေတီ အနောက်ဘက်မုခ်၌ စစ်တပ်ကို ဆက်လက်ထားခြင်းစသော ဖိနှိပ်ချုပ်ချယ်မှုများကို ပြုလုပ် နေလေသည်။

ဆရာတော်သည် နိုင်ငံခြားဗဟုသုတများကို လေ့လာရရှိခဲ့သော ပုဂ္ဂိုလ်ဖြစ်ရကား မြန်မာနိုင်ငံသို့ ရောက်ရှိပြီးနောက် မဆိုင်းမတွပင် လူ ငယ်ကလေးများနှင့် ပူးပေါင်းကာ ဖိနှိပ်ချုပ်ချယ်ပုံများ၊ အင်္ဂလိပ်အစိုးရ၏ ကိုလိုနီဝါဒသဘောတရားများကို ဖွင့်ချဟောပြောလေတော့သည်။

ဆရာတော်သည် လူငယ်များ၏အကူအညီဖြင့် ရွှေတိဂုံစေတီတော် ၌လည်းကောင်း၊ ဗိုလ်တထောင်စေတီတော်၌ လည်းကောင်း နိုင်ငံရေး

mgyoe.com

mgyoe.com


တရားများကို ဟောပြောခဲ့သည်။ တစ်ခါတစ်ရံတွင် ယခုအခါ ဗန္ဓုလပန်းခြံ ဟစ်တိုင်နေရာတွင် ဟောဘိသကဲ့သို့ ဗိုလ်တထောင်ဘက်ရှိ လှေစင်များတွင်တက်၍ အလုပ်သမားများအား ဟောပြောခဲ့လေသည်။

ဦးဥတ္တမဆရာတော်သည် နိုင်ငံရေးကိုသာ တွင်တွင်ကြီးဟောနေသဖြင့် တချို့ကျောင်းတိုက်များက ဆရာတော်အား လက်မခံဝံ့ကြချေ။ ထို့ကြောင့် ဦးဥတ္တမဆရာတော်သည် သမိုင်းမြို့ရှိ အိမ်တစ်အိမ်တွင် ခေတ္တသီတင်းသုံး နေခဲ့ရသေးသည်။

ဆရာတော်သည် ထိုသို့နိုင်ငံရေး နိုးကြားရေးတရားများကို ဟောပြောရုံမျှမက"ကရက်ဒေါက် ထွက်သွားပါ" ဆိုသော စာတမ်းကိုပါ ရိုက်နှိပ်ဝေငှလိုက်သေး၏။ ထိုအချိန်အခါက ဒုတိယဘုရင်ခံမင်းကြီးကို ဤသို့ အတိုက်အခိုက်ပြုရဲသူမှာ မရှိသလောက်ပင် ဖြစ်နေသည့်အချိန်တွင် ဆရာတော်က မကြောက်မရွံ့၊ ရဲဝံ့စွာ ပြောဆိုဆောင်ရွက်လိုက်သဖြင့် ဆရာတော်အားလည်းကောင်း၊ ဆရာတော် ကူညီအားပေးနေသည့် ဝိုင်အမ်ဘီအေ အသင်းကြီးအားလည်းကောင်း၊ ထောက်ခံအားပေးမည့်သူများ တစ်စတစ်စနှင့်များပြား၍ လာခဲ့လေသည်။

ဦးဥတ္တမ၏ လှုံ့ဆော်အားပေးမှုကြောင့် လူပုဂ္ဂိုလ်များသာမက ရဟန်းပုဂ္ဂိုလ်များပါ နိုးကြားလာပြီးလျှင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သံဃသမဂ္ဂများ ပေါ်လာခဲ့လေသည်။

## ဝိုင်အမ်ဘီအေမှ ဂျီစီဘီအေသို့

ဦးဥတ္တမ၏ကျေးဇူးကြောင့် ရှင်ရဟန်းတို့ နိုးကြားထကြွလာလေရာ ဝိုင်အမ်ဘီအေအသင်းခွဲများကို မြို့တိုင်းရွာတိုင်း၌ တည်ထောင်ကြလေသည်။ ဝိုင်အမ်ဘီအေအသင်းကို အားကျကာ မြန်မာအမျိုးသမီးများသည် ၁၉၁၉ ခုနှစ်တွင် မြန်မာကုမ္မာရီအသင်းကြီးကို စတင်တည်ထောင်

mgyoe.com

mgyoe.com


ကြလေသည်။ ထိုကုမ္မာရီအသင်းများသည်လည်း ဝိုင်အမ်ဘီအေအသင်းနည်းတူ နေ့ချင်းညချင်း အသင်းအဖွဲ့ခွဲများ များပြားလာခဲ့သည်။ ကုမ္မာရီအသင်းကြီးကို ဦးစီးဦးဆောင်ပြုလုပ်သူတို့မှာ ဝိုင်အမ်ဘီအေအသင်းကြီးမှ ခေါင်းဆောင်ကြီးများ၏ ဇနီးများဖြစ်ကြသဖြင့် ထိုအသင်းနှစ်သင်းမှာ အစဉ်ဒွန်တွဲလျက် ရှိလေသည်။ ကုမ္မာရီအသင်းဝင်များသည် မြန်မာပြည်လုံးဆိုင်ရာ ညီလာခံအစည်းအဝေးကြီးများသို့လည်း တက်ရောက်ကာ ယောက်ျားများနှင့် ရင်ပေါင်တန်း ဆောင်ရွက်ခဲ့ကြလေသည်။

ရှစ်ကြိမ်မြောက် ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်ပတ်လည်အစည်းအဝေးကြီးကို ၁၂၈၂ ခု သီတင်းကျွတ်လဆုတ် ၂ ရက်၊ ၃ ရက်၊ ၄ ရက်(၁၉၂၀ ပြည့် အောက်တိုဘာလ ၂၉၊ ၃၀၊ ၃၁) ရက်နေ့များတွင် ပြည်မြို့၌ ကျင်းပလေသည်။

ထိုအစည်းအဝေးကြီးက ဝိုင်အမ်ဘီအေ(ဗုဒ္ဓဘာသာကလျာဏယုဝ) အသင်းဆိုသော အမည်မှ ဂျီစီဘီအေ(General Council 0f All Burmese Associations) ခေါ် မြန်မာအသင်းချုပ်ကြီးဆိုသော အမည်သို့ ပြောင်းရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။

ထိုနောက်တွင် ဂျီစီဘီအေအသင်းဝင်များကို ဝံသာနုဟုခေါ်ကြ၍ ဂျီစီဘီအေအသင်းများကိုလည်း ဝံသာနုအသင်းများဟုလည်း ခေါ်ကြသည်။ ထိုစဉ်က ဝံသာနုအသင်းဝင်တစ်ဦး ဖြစ်ရသည်ကို ဂုဏ်ယူကြသည်။ ဝံသာနုအသင်းဝင်တို့၏ အိမ်များဆိုင်များတွင် ဝံသာနုဆိုသော ကမ္ပည်းများထိုး၍ ထားကြ၏။ စည်းရုံးညီညွတ်ခြင်း အင်အားကြောင့် ဝံသာနုများကို လူအများက ရိုသေလာကြလေသည်။ ရှေးက တောသူတောင်သားများသည် တန်ခိုးအာဏာနှင့် ပြည့်စုံသော အရာရှိကြီးများမှ အစ ကျေးရွာသူကြီးအထိ အကြောင်းမဲ့သက်သက် ကြောက်ရွံ့နေကြရ၏။ ထိုအရာရှိဆိုးတို့၏ မတရားနှိပ်စက် ညှဉ်းပန်းမှုများကိုလည်း

mgyoe.com

mgyoe.com



ခံကြရ၏။ ယခုသော် ဝံသာနုအသင်း၏ ကျေးဇူးကြောင့် လူထုတွင် "သတ္တိ" ရှိ၍ လာခဲ့သည်။ "မတရားလုပ်လျှင် မခံ" ဆိုသော စိတ်ဓာတ်များ မွေးမြူလာခဲ့ကြ၏။ အရာရှိဆိုးများလည်း ရှေးကကဲ့သို့ မဆိုးသွမ်းဝံ့တော့ဘဲ စည်းမျဉ်းဥပဒေများကို အတော်အသင့် ရိုသေလေးစားလာကြလေသည်။ ၁၉၂၀ ခု နောက်ပိုင်းတွင် ဝံသာနုအသင်းခွဲပေါင်း ရှစ်ထောင်ကျော်ရှိ၍ အသင်းသားပေါင်း သိန်းသန်းတမျှ ရှိလေသည်။

## ရန်ကုန်ယူနီဗာစတီသပိတ်

၁၉၂၀ ခုနှစ်တွင် ရန်ကုန်ယူနီဗာစတီ ထူထောင်ရန်အတွက် ယူနီဗာစတီ ဥပဒေကြမ်းတစ်ခု ထွက်ပေါ်လာခဲ့သည်။ ထိုဥပဒေကြမ်းက ရန်ကုန်ယူနီဗာစတီသည် ကျောင်းအိပ်ကျောင်းစားများကိုသာ လက်ခံမည့် ယူနီဗာစတီဖြစ်ရမည်ဟု ဆိုထားလေသည်။ ထိုဥပဒေ အတည်ဖြစ်ခဲ့သော် ယူနီဗာစတီပညာကို လူများများမဝင်နိုင်တော့ဘဲ လူတစ်စုမျှသာ သင်နိုင်တော့မည်ဖြစ်၏။ ထို့ကြောင့် ကျောင်းသားများက ထိုဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်လိုက်ကြသည်။

ယူနီဗာစတီသပိတ်ကို ထောက်ခံသောအနေဖြင့် ဂျပ်ဆင်ကောလိပ်နှင့် နယ်ရှိအထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများပါ သပိတ်မှောက်လိုက်ကြတော့သည်။

ကျောင်းသားများ သပိတ်မှောက်ခြင်းသည် မြန်မာနိုင်ငံတွင် ပထမအကြိမ် ဖြစ်လေသည်။ အနုနည်းဖြင့် အစိုးရကို အန်တုတော်လှန်ပြခြင်းလည်း ဖြစ်လေသည်။ ကျောင်းသားများသပိတ်မှောက်ခြင်းကို ဂျီစီဘီအေအဖွဲ့ဝင် ဝံသာနုများနှင့်တကွ တိုင်းသူပြည်သားများက အထူးတလည် အားပေးလေသည်။

သပိတ်မှောက်ကျောင်းသားများသည် ရွှေတိဂုံခြေရင်း ကျောင်း

mgyoe.com

mgyoe.com


ဇရပ်များတွင် စခန်းချနေစဉ်အတွင်း ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက်ကြီး အတွင်းတွင် အမျိုးသားကောလိပ်ကျောင်းကြီးကို တည်ထောင်လိုက်ကြ သည်။

ထိုသို့ ရန်ကုန်ယူနီဗာစတီ ကောလိပ်ကျောင်းသားများ သပိတ် မှောက်သည့်အချိန်တွင် ဂျီစီဘီအေအသင်းကြီးမှ စေလွှတ်သော ဦးဘဖေ၊ ဦးပု၊ ဦးသိမ်းမောင်တို့ ပါဝင်သော ကိုယ်စားလှယ်သုံးဦးတို့သည် အင်္ဂ လန်နိုင်ငံသို့ ဒုတိယအကြိမ် သွားရောက်၍ မြန်မာပြည်အား အိန္ဒိယနည်း တူ ဒိုင်အာခီအုပ်ချုပ်ရေးပေးရန် တောင်းဆိုနေဆဲအချိန် ဖြစ်၏။ ကျောင်း သားများ၏သပိတ်သည် အင်္ဂလန်သို့ သွားရောက်အရေးဆိုနေသော ကိုယ်စားလှယ်အဖွဲ့ကို ထောက်ခံအားပေးရာလည်း ရောက်ခဲ့လေသည်။

ထို့ကြောင့် ကျောင်းသားများသပိတ်မှာ သာမန်ကိစ္စမျှ မဟုတ် တော့ဘဲ ပြည်သူလူထုနှင့် သက်ဆိုင်သော အမျိုးသားရေးအသွင်သို့ ပြောင်းလဲသွားလေသည်။ အင်္ဂလိပ်အစိုးရတို့ ထူထောင်ပေးသော ကျောင်းများတွင် ကျွန်ပညာမသင်လိုက မိမိတို့သဘောကျသလို ပညာ သင်ယူနိုင်ရန်အတွက် အမျိုးသားတက္ကသိုလ်နှင့် အမျိုးသားကျောင်းများ ကို စတင်ထူထောင်လာခဲ့ကြသည်။ ယခုထက်တိုင် ကျန်ရှိနေသေးသော အမျိုးသားကျောင်းများမှာ ထို ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီး ကို အကြောင်းပြု၍ ပေါ်ပေါက်လာခဲ့သော ကျောင်းများပင်ဖြစ်၏။

ယူနီဗာစတီသပိတ်နှင့် ပတ်သက်၍ မစ္စတာမောင်မှိုင်းအမည်ခံ ဆရာကြီး ဦးလွန်း(သခင်ကိုယ်တော်မှိုင်း) က ဘွိုင်းကောက်ဋီကာဆိုသော စာအုပ်ကို ရေးသား၍ မှတ်တမ်းတင်ခဲ့လေသည်။

ထိုစဉ်က ကျောင်းသားများ ဆောင်ရွက်လိုက်သော လုပ်ငန်းသည် အမျိုးသားရေးတွင် ရှေ့သို့ ခြေလှမ်းတစ်လှမ်း တက်လာခဲ့ခြင်းဖြစ်သဖြင့် ၁၉၂၁ ခု(၁၂၈၃) ခုနှစ်တွင် မန္တလေးမြို့၌ကျင်းပသော ကိုးကြိမ်မြောက်

mgyoe.com

mgyoe.com



ဂျီစီဘီအေ(မြန်မာအသင်းချုပ်ကြီး) မျက်နှာစုံညီ အစည်းအဝေးကြီးက ကျောင်းသားများသပိတ်မှောက်သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက် နေ့ကို မြန်မာတို့၏ အမျိုးသားအောင်ပွဲနေ့အဖြစ်ဖြင့် သတ်မှတ်ရန် ဆုံးဖြတ်ချက် ချမှတ်ကြလေသည်။

## ပါလီမန် အတုအယောင်များ(ဒိုင်အာခီခေတ်)

မြန်မာကိုယ်စားလှယ်ကြီးများ ဒုတိယအကြိမ် အင်္ဂလန်မှပြန်လာ စဉ်ကပင် မြန်မာပြည်အား အိန္ဒိယပြည်ကဲ့သို့ ဒိုင်အာခီအုပ်ချုပ်ရေး ပေး မည်ဆိုသော ကတိကို ရရှိခဲ့ကြသည်။ သို့သော်လည်း လောလောဆယ် ပေးအပ်ခြင်း မဟုတ်ချေ။

၁၉၂၁ ခုနှစ်တွင် မြန်မာပြည် ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းပေးလိုက်သည်။

ထိုဥပဒေအရ မြန်မာပြည်အရပ်ရပ်တွင် ဆာကယ်ဘုတ်ခေါ် တိုက်နယ်အဖွဲ့များနှင့် ဒိစတြိတ်ကောင်စီအဖွဲ့များ ဖွဲ့စည်းခွင့်ရရှိလေ သည်။

ထိုအချိန်တွင် မြန်မာပြည်နိုင်ငံရေး ဒီရေမှာ တက်ကြွနေချိန်ဖြစ် သဖြင့် အချို့ခေါင်းဆောင်များက ကျေးရွာကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့များ သို့ ဝင်ရောက်ဆောင်ရွက်ရန် မသင့်ဟုဆို၏။ အချို့ကမူ ရရှိနိုင်သမျှ အခွင့်အာဏာကိုယူ၍ တိုင်းပြည်အတွက် အကျိုးရှိရာရှိကြောင်း ဆောင် ရွက်ပေးနိုင်ရန်အတွက် ဝင်ရောက်သင့်သည်ဟု ဆိုလေသည်။ ဤတွင် ဂျီစီဘီအေအသင်းလူကြီးများ စတင် သဘောကွဲကြသည်။

၁၉၂၃ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ မြန်မာပြည်တွင် ဒိုင်အာခီ အုပ်ချုပ်ရေး အာဏာတည်မည်ဖြစ်သဖြင့် ၁၉၂၂ ခု၊ နိုဝင်ဘာလတွင် ပထမအကြိမ် ဥပဒေပြုအမတ် ရွေးကောက်ပွဲများ ကျင်းပလေသည်။

mgyoe.com

mgyoe.com


ဤတွင်လည်း အထက်ပါနည်းတူ ခေါင်းဆောင်များ သဘောကွဲလွဲကြပြန်သည်။ အချို့က အမတ်အရွေးခံကာ ဥပဒေပြုကောင်စီထဲသို့ ဝင်ရောက်ပြီးနောက် အတွင်းလမ်းမှ လွတ်လပ်ရေးကို ကြိုးပမ်းမည်။ အတွင်းဝင်၍ ပူးသတ်မည်ဟု ဆိုလေသည်။ နိုင်ငံရေးစိတ်ဓာတ် ပြင်းထန်လွန်းသော ခေါင်းဆောင်များကမူ ဒိုင်အာခီရွေးကောက်ပွဲများကို သပိတ်မှောက်ရမည်။ ဟုမ္မရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုသာ တောင်းရမည်ဟု ဆုံးဖြတ်ကြသည်။ ဤတွင် ဥပဒေပြုကောင်စီထဲသို့ ဝင်ရောက်ဆောင်ရွက်သော ၂၁ ဦးဂိုဏ်းနှင့် အပြင်လမ်းမှ လွတ်လပ်ရေး အရယူမည်ဆိုသော ဝံသာနုဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ပေါ်ပေါက်လာခဲ့သည်။

ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို ရသဖြင့် ယခင်ကထားရှိသော ဒုတိယဘုရင်ခံအစား မြန်မာပြည်၌ ဘုရင်ခံတစ်ဦးကို ထားရှိလေသည်။ ဒိုင်အာခီအုပ်ချုပ်ရေးအရ ဥပဒေပြုကောင်စီတွင် ဘုရင်ခံကို ချန်လှပ်၍ အမတ်ဦးရေ ၁၀၃ ဦး ရှိလေသည်။ အမတ်တို့၏သက်တမ်းမှာ ၃ နှစ်ဖြစ်လေသည်။ ထိုအမတ် ၁၀၃ ဦးကို အောက်ပါအတိုင်း ခွဲခြားထားပြန်သည်။

| | | |
|---|---|---|
| မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သောအမတ် (ဝန်ကြီး ၂ ဦး အပါအဝင်) | ၇၉ | ဦး |
| ဘုရင်ခံခန့် အရာရှိအမတ် | ၁၄ | ဦး |
| ဘုရင်ခံခန့် အရာရှိမဟုတ်သူ | ၈ | ဦး |
| ဘုရင်ခံခန့် အမတ်ချုပ်ကြီး(ဝန်ကြီး) | ၂ | ဦး |
| | ၁၀၃ | ဦး |

တိုင်းပြည်က ရွေးကောက်တင်မြှောက်ခွင့်ရသော အမတ် ၇၉ ဦးအနက် မြန်မာကုန်သည်ကြီးအသင်းမှ တစ်ဦးနှင့် ခရိုင်အသီးသီးမှ

mgyoe.com

mgyoe.com


ရွေးကောက်တင်မြှောက်သူ ၅၈ ဦးသာ ရှိလေသည်။ ကျန်အမတ်များမှာ အင်္ဂလိပ်ကုန်သည်ကြီးအသင်း၊ တရုတ်ကုန်သည်ကြီးအသင်း၊ ကုလားကုန်သည်ကြီးအသင်း၊ အင်္ဂလိပ်ကပြားအသင်းစသော အသင်းအဖွဲ့များ၏ ကိုယ်စားလှယ်များ ဖြစ်လေသည်။

ထိုစဉ်က စီမံအုပ်ချုပ်မှုတွင် ဌာနပေါင်း ၁၀၂ ခု ခွဲခြားထားသည်။ ၎င်းတို့အနက် ၄၇ ဌာနကို အိန္ဒိယဗဟိုအစိုးရက အုပ်ချုပ်သည်။ ၃၃ ဌာနကို သီးခြားဌာနများအဖြစ် ဘုရင်ခံနှင့် ဘုရင်ခံခန့်ဝန်ကြီးချုပ် ၂ ဦးတို့က တိုက်ရိုက်အုပ်ချုပ်သည်။ ကျန် ၂၂ ဌာနကိုသာလျှင် ဘုရင်ခံနှင့်အမတ်ထဲမှ ရွေးချယ်ခန့်ထားသော သစ်တောရေးနှင့် ပညာရေးဝန်ကြီး ၂ ဦးတို့က အုပ်ချုပ်လေသည်။

ဒိုင်အာခီစနစ်ဆိုသည်မှာ ပြည်သူနှင့်အရာရှိတို့ ခွဲဝေအုပ်ချုပ်သောစနစ်ဟု အဓိပ္ပာယ်ရရှိလေသည်။ သို့ရာတွင် အထက်တွင်ပြဆိုခဲ့သည့်အတိုင်း ဘုရင်ခံ၏အခွင့်အာဏာမှာ ကြီးမားလှသဖြင့် ပြည်သူ့ကိုယ်စားလှယ်အမတ်များ ပြုလုပ်ဆောင်ရွက်နိုင်ခွင့် မရှိသလောက်ပင် ဖြစ်လေသည်။

## ဘူးအသင်းများ

မြန်မာပြည်သို့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ် ပေးလိုက်သောအခါ ဒိုင်အာခီစနစ်ကို လက်မခံဘူး။ ရွေးကောက်ပွဲသို့ မဝင်ဘူး။ အစိုးရနှင့် မဆက်ဆံဘူးအစရှိသော ကြွေးကြော်သံများဖြင့် ဖွဲ့စည်းထားသော **"ဘူး"** အသင်းများ ပေါ်ပေါက်လာခဲ့သည်။ စင်စစ်သော် ထိုဘူးအသင်းများသည် ဂျီစီဘီအေ(ဝံသာနု) အသင်းဝင်များထဲမှ စိတ်ဓာတ်ပြင်းထန်သူလူတစ်စုက တည်ထောင်လိုက်ခြင်းဖြစ်၏။

များမကြာမီ ထိုဘူးအသင်းများကို အစိုးရက မတရားအသင်း

mgyoe.com

mgyoe.com


အဖြစ် ကြေညာလိုက်လေသည်။ အဆိုပါ ဘူးအသင်းများအား မတရားအသင်းအဖြစ် ကြေညာထားသည်ကို ရုပ်သိမ်းရန် ဒိုင်အာခီဥပဒေပြုလွှတ်တော်ထဲတွင် နှစ်ကြိမ်တိုင်တိုင် အဆိုသွင်းခဲ့ကြသော်လည်း အဆိုမှာ ရှုံးနိမ့်ခဲ့ရလေသည်။

## မန္တလေးအဓိကရုဏ်း

၁၂၈၆ ခု(၁၉၂၄) ခုနှစ်တွင် ဆရာတော်ဦးဥတ္တမ ထောင်ကလွတ်လာပြီးနောက် မန္တလေးမြို့မှ ဝံသာနုများက တရားဟောရန် ပင့်ဖိတ်သဖြင့် ဆရာတော်သည် မန္တလေးမြို့သို့ ကြွလာခဲ့လေသည်။ ထိုအချိန်က ဆရာတော်ဦးဥတ္တမမှာ ဒိုင်အာခီစနစ်ကို လက်ခံပြီးလျှင် လွှတ်တော်ထဲသို့ဝင်သော ၂၁ ဦးအဖွဲ့ကို သဘောမကျဘဲ အပြင်တွင် ကျန်ရှိနေသော ဝံသာနုအဖွဲ့များကိုသာ အားပေးနေသောအချိန် ဖြစ်လေသည်။

ဆရာတော်ဦးဥတ္တမအား ဝံသာနုများက တခမ်းတနားကြိုဆိုပြီးလျှင် လူစုလူဝေးနှင့် မြို့သို့လှည့်လည်လေသည်။ မန္တလေးရာဇဝတ်ဝန်က နိုင်ငံရေးဂိုဏ်းနှစ်ဂိုဏ်း အဓိကရုဏ်းဖြစ်မည်ကို စိုးသဖြင့် ၂၁ ဦးများနေသော လမ်းများမှ စီတန်းလှည့်လည်ခြင်းမပြုရန် တားဆီးပိတ်ပင်လိုက်သည်။ သို့ရာတွင် ဝံသာနုများက မနာယူဘဲ ဆက်လက်ချီတက်လေရာ ကျောက်သွေးတန်းသို့အရောက်တွင် ၂၁ ဦးအဖွဲ့ဝင်နှင့် ဝံသာနုအဖွဲ့ဝင်များ အချင်းဖြစ်ကြလေသည်။ ထိုအခါ ပုလိပ်က ဝင်ရောက်တားဆီးရာ ပုလိပ်နှင့်ဝံသာနုများ တိုက်ပွဲကြီး ဖြစ်လေတော့သည်။ အဓိကရုဏ်းတွင် လူပေါင်းမြောက်မြားစွာ ဒဏ်ရာရရှိသည့်အပြင် ဆရာတော်ဦးစန္ဒိမာမှာ သေနတ်ဒဏ်ရာနှင့် ပျံလွန်တော်မူလေသည်။

ဆရာတော်ဦးဥတ္တမနှင့် ဦးကေတုတို့ကို မန္တလေးမြို့တွင် တရားမဟောရန် ပိတ်ပင်ပြီးလျှင် ရန်ကုန်မြို့တွင် အစောင့်အကြပ်ဖြင့် ပို့လိုက်

mgyoe.com

mgyoe.com


လေသည်။ ဆရာတော်ဦးစန္ဒိမာ ပျံလွန်သည့်နေ့ကို ဆရာတော်ဦးစန္ဒိမာနေ့ဟု သတ်မှတ်ကာ နှစ်အတော်ကြာအောင် အထိမ်းအမှတ်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ကြသေး၏။

## ရန်ကုန်အဓိကရုဏ်း

ဦးဥတ္တမဆရာတော်သည် မန္တလေးတွင် တရားမဟောရဘဲ ပြန်လာခဲ့ရသော် ရန်ကုန်တွင် မြန်မာလူမျိုးတို့ညီညွတ်ရန်နှင့် ဇာတိစိတ် ဇာတိမာန် တက်ကြွစေရန် ရဲရဲတောက်တရားများကို ဟောလေတော့သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရကို အကြည်ညိုပျက်အောင် ဟောပြောမှုနှင့် ပုဒ်မ ၁၂၄ (က)အရ ဖမ်းဆီးလိုက်သည်။ ဆရာတော်သည် မန္တလေးမှ ပြန်ကြွလာပြီးနောက် ၂ လခန့်အကြာတွင် အဆိုပါ ပုဒ်မဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် အပြစ်ပေးခြင်းကို ခံရလေသည်။

ဦးဥတ္တမအား အမိန့်ချမှတ်သည့်နေ့တွင် ဝံသာနုအသင်းဝင် ရဟန်းရှင်လူအများ ရုံးသို့ စုရုံးလာရောက်ကြသည်။ ထိုသို့လာရောက်နားထောင်သော ပုဂ္ဂိုလ်များကို ပုလိပ်တို့က ရုံးခန်းတွင်းမှ မောင်းနှင်ထုတ်လိုက်သည်။ ထို့ကြောင့် ပရိသတ်ကြီးသည် ဘုရင်မပန်းခြံ(မဟာဗန္ဓုလပန်းခြံ) တွင်းသို့ သွားကာ အစည်းအဝေးပွဲကြီး ကျင်းပလေတော့သည်။

ထိုအချိန်တွင် ရန်ကုန်အရေးပိုင်က မြို့ပေါ်တွင် စီတန်းလှည့်လည်ပွဲများ၊ အစည်းအဝေးများ မကျင်းပနိုင်ရန် ပုဒ်မ ၁၄၄ ကို ထုတ်ဆင့်ထားပြီး ဖြစ်လေသည်။ သို့ရာတွင် မျိုးချစ်စိတ်က တဖွားဖွားတောက်နေသော ပြည်သူလူထုကြီးသည် ပုဒ်မ ၁၄၄ ကို ဂရုမထားဘဲ ဘုရင်မပန်းခြံ(ယခုဗန္ဓုလပန်းခြံ) တွင် ကန့်ကွက်ပွဲကြီးကို ကျင်းပလေသည်။

အစည်းအဝေးသို့ တက်ရောက်သူများအား ပုလိပ်မင်းကြီးအမိန့်

mgyoe.com

mgyoe.com


ဖြင့် နှင်ထုတ်သော်လည်း အာဏာဖီဆန်ကာ ဖွတ်အတင်း ကျင်းပကြလေသည်။ ထိုအခါ မြင်းစီးဂေါ်ရာပုလိပ်များက မြင်းတပ်နှင့်ဝင်တိုက်ကာ လူစုခွဲလေသည်။ မပြေးဘဲ တောင့်၍ခံနေကြသော ရှင်လူရဟန်းအများပင် ဒဏ်ရာရရှိကြသည်။ အထူးသဖြင့် မပြေးဘဲ နေကြသူများမှာ ကုမ္မာရီအဖွဲ့ဝင် အမျိုးသမီးများ ဖြစ်ကြသည်။ ကုမ္မာရီအဖွဲ့ဝင် အများအပြားပင် လဲသူလဲ၊ မြင်းနင်းမိသဖြင့် ခြေလက်ပြတ်သူပြတ် စသောဒဏ်ရာမျိုးများကို မြင်မကောင်းရှုမကောင်းအောင် ခံစားကြရလေသည်။ ထိုသို့ ဒဏ်ရာရရှိသူများအနက် ဒီးဒုတ်ဦးဘချို၏ဇနီး ဒေါ်လှမေမှာ တစ်ဦးအပါအဝင် ဖြစ်လေသည်။

## ဦးဝိစာရ ဆရာတော်

ဆရာတော်ဦးဥတ္တမက ထောင်တန်းအကျခံ၍ နိုင်ငံရေးတရားများကို ဟောပြောပြသည့်အချိန်မှစ၍ သံဃာ့သမဂ္ဂများ ရဟန်းပျိုအဖွဲ့များ နိုင်ငံတစ်ဝန်းလုံးတွင် ပေါ်ပေါက်ပွားများလာရုံမျှမက မြို့နယ်များသို့ ထွက်၍ ဦးဥတ္တမနည်းတူ နိုင်ငံရေးဟောပြောသော ရဟန်းသံဃာတော်များလည်း အမြောက်အမြား ပေါ်ပေါက်ခဲ့သည်။ ထိုသို့ပေါ်ပေါက်ခဲ့သော ပုဂ္ဂိုလ်များအနက် ဦးဝိစာရဆရာတော်မှာ အထူးမှတ်တမ်းတင်ထိုက်သော ပုဂ္ဂိုလ်ဖြစ်လေသည်။

ဦးဝိစာရဆရာတော်သည် ဆရာတော်ဦးဥတ္တမ၏ တရားများကို နားထောင်ရင်း ရှာဖွေတွေ့ရှိသမျှသော နိုင်ငံရေးစာအုပ်များကိုလည်း ဖတ်ရှုလေ့လာခဲ့လေသည်။ အထူးသဖြင့် ဦးဥတ္တမကိုယ်တော်၏ တရားများသည် ဆရာတော်၏ မီးခဲပြာဖုံးဓာတိစိတ်ကို လေပင့်ပေးသလို ရှိလေသည်။ ထို့ကြောင့် ဦးဝိစာရကိုယ်တော်သည် စိတ်အားထက်သန်စွာ နိုင်ငံရေးတရားများကို ဟောပြောလေတော့သည်။

mgyoe.com

mgyoe.com


ထိုသို့ စိတ်နောက်ကိုယ်ပါ ဟောမိသောကြောင့် ဆရာတော်သည် မကြာခဏ အစိုးရအပြစ်ဒဏ်ကို ခံရလေသည်။

၁၂၉၁ခု (၁၉၂၉) ခုနှစ် တန်ခူးလတွင် ပုဒ်မ ၁၂၄(က) အရ အစိုးရကို အကြည်ညိုပျက်အောင် ဟောပြောမှုနှင့် ဟံသာဝတီစက်ရှင် တရားသူကြီးက အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၆ နှစ် အပြစ်ပေးခြင်းကို နောက်ဆုံး ခံယူရလေသည်။ ဆရာတော်သည် ထိုသို့အကျဉ်းခံနေရစဉ်အတွင်း ထောင်အတွင်း၌ ဥပုသ်၊ ပဝါရဏာပြုခွင့်၊ သင်္ကန်းဝတ်ရုံခွင့် များကို တောင်းဆိုလေသည်။ သက်ဆိုင်ရာတို့က ခွင့်မပြုသဖြင့် ဆွမ်းဘုဉ်းမပေးဘဲ တိုက်ပွဲဝင်လေသည်။ ထောင်အရာရှိများသည် ဆရာတော်၏သင်္ကန်းကို အတင်းဆွဲချွတ်ကာ ထောင်အဝတ်အစားများကို ဝတ်ပေးခြင်း၊ အတင်းအကျပ် အာဟာရသွတ်သွင်းခြင်းများကိုလည်း ပြုကြလေသေးသည်။

ထောင်အာဏာပိုင်များ၏အမိန့်ကို အခါခါ ဖီဆန်လေရာ ဆရာတော်အား စိတ်မနှံ့တော့ပြီဟုဆိုကာ အရူးထောင်သို့ပင် ပို့ထားလိုက်လေသည်။ ဆရာတော်အား ထိုသို့ အမျိုးမျိုးနှိပ်စက် ညှဉ်းပန်းသော်လည်း ဆရာတော်သည် အားမပျော့ စိတ်မလျှော့ဘဲ အာဇာနည်ယောကျ်ားကောင်းတို့ပီပီ မလျှော့သောဇွဲဖြင့်သာ တိုက်ပွဲဝင်ခဲ့လေသည်။

ဆွမ်းဘုဉ်းမပေးဘဲ အစာငတ်ခံတိုက်ပွဲကို မကြာခဏ ဆင်နွှဲတိုက်ခိုက်ခဲ့လေရာ ဆရာတော်မှာ အရိုးပေါ်အရေတင်လျက် ရှိလေသည်။ နောက်ဆုံးတွင် ဆရာတော်သည် အရည်အဖတ်ကိုပင် မမှီဝဲနိုင်သော ဝေဒနာကို ခံစားရလေသည်။ ပျံလွန်တော်မူခါနီးတွင် အသံသဲ့သဲ့မျှဖြင့် "လိမ္မာရစ်ကြပါ" ဆိုသော နောက်ဆုံးစကားကလေးကို မှာကြားရင်း ရန်ကုန်ထောင်ကြီးအတွင်း၌ ပျံလွန်တော်မူခဲ့လေသည်။ ပြတ်တောင်းပြတ်တောင်း ဆရာတော်ဆွမ်းဘုဉ်းမပေးသော ရက်များကို စုပေါင်းလိုက်

mgyoe.com

mgyoe.com


သော် ရက်ပေါင်း ၁၆၆ ရက် ရှိလေသည်။

ဦးဝိစာရဆရာတော်က အနစ်နာခံကာ တိုက်ခိုက်တောင်းဆိုခဲ့သဖြင့် နောင်အခါတွင် အကျဉ်းထောင်များအတွင်း၌ ရဟန်းတော်များ ဥပုသ်ပြုခွင့်၊ သင်္ကန်းဝတ်နှင့် နေနိုင်ခွင့်များကို လိုက်လျောပေးလိုက်ရသည်။

ဆရာတော်ဘုရား ကွယ်လွန်သော ၁၂၉၁ ခု၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ကို သတိရသောအားဖြင့် နှစ်စဉ်နှစ်တိုင်း တော်သလင်းလပြည့်ကျော် ၂ ရက်နေ့တွင် **ဦးဝိစာရနေ့** အထိမ်းအမှတ်ပွဲများကို ယနေ့တိုင် မြို့တိုင်းနယ်တိုင်းတွင် ဆင်ယင်ကျင်းပလျက် ရှိပေသည်။

❖

mgyoe.com

mgyoe.com


## တောင်သူလယ်သမားခေါင်းဆောင် ဆရာစံ

၁၉၃၀ ပြည့်နှစ်တွင် ဆရာစံခေါင်းဆောင်သော ဂဠုန်သူပုန်အရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့၏။ ဂဠုန်အရေးတော်ပုံကြီးသည် အကြောင်းမဲ့ သက်သက်က တစ်မုဟုတ်ချင်း ပေါက်ကွဲထပေါက်ခဲ့သော အရေးတော်ပုံကြီး မဟုတ်ခဲ့ပေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော ပတ်ဝန်းကျင် အခြေအနေများအရ ပေါက်ကွဲဖြစ်ပေါ်ခဲ့သော တော်လှန်ရေးမှတ်တိုင်ကြီး တစ်ခုသာ ဖြစ်ပေသည်။

ဆရာစံကြီးမှူးသော ဂဠုန်အရေးတော်ပုံကြီး မဖြစ်ပွားမီ နှစ်အနည်းငယ်ခန့်တွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဆရာတော်ဦးဥတ္တမ၊ ဆရာတော်ဦးဝိစာရတို့၏ ကြိုးပမ်းမှုကြောင့် စီးပွားရေး၊ နိုင်ငံရေး လွတ်လပ်လိုမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရလိုမှုဆိုသော ဆန္ဒများသည် မြန်မာလူမျိုးတို့၏ နှလုံးအိမ်အတွင်း၌ ပြင်းပြစွာ တောက်လောင်လျက်ရှိသည်။

ထိုစဉ်အခါက မြန်မာပြည်တွင် လူတိုင်းလိုလို ထမ်းဆောင်ရသော လူခွန်တော်ဆိုသည့် အခွန်တစ်မျိုး ရှိခဲ့သည်။ အိမ်ထောင်သည်တစ်ဦးလျှင် တစ်နှစ်တွင် ၅ ကျပ် ထမ်းဆောင်ရ၍ လုလင်ပျိုတစ်ဦးလျှင် နှစ်

mgyoe.com

mgyoe.com


ကျပ်ခွဲ ထမ်းဆောင်ရလေသည်။ လူခွန်တော်မှာ ဤသို့တိုက်ရိုက်ပေးဆောင်သော အခွန်တော်မျိုးဖြစ်သဖြင့် ပြည်သူလူထုအများပင် မကျေမချမ်း ဖြစ်ကြသည်။

လူခွန်တော်ကို စပါးပေါ်ချိန် ဇန်နဝါရီလတွင် စတင်ကောက်ခံလေ့ရှိသည်။ လူခွန်တော်ကို ရပ်ရွာသူကြီးများက ပုလိပ်အရာရှိ သို့မဟုတ် စစ်ပုလိပ်အရာရှိများ အကူအညီဖြင့် ကောက်ခံလေ့ရှိ၏။

လူခွန်တော်ကောက်ချိန်တွင် ရွာတွင်းသို့ စစ်ပုလိပ်များ တရုန်းရုန်းဝင်လာပြီးနောက် မရအရ ကောက်ခံကြသည်။ အခွန်မပေးနိုင်သူများကို ဖမ်းဆီးခေါ်ဆောင်သွားပြီးလျှင် ဂါတ်တဲ၌ ချုပ်နှောင်ထားလေသည်။ ထို့ကြောင့် လူခွန်တော်ကောက်ခံသည့်အချိန်တွင် ဂါတ်တဲရှိ အချုပ်ထောင်များတွင် တင်းကျမ်းပြည့်နေသည်ကို တွေ့ရတတ်သည်။

လူခွန်တော်ကောက်ခံခြင်းနှင့် ကောက်ခံပုံတို့ကို အထူးဆူပူကန့်ကွက်သော အဖွဲ့အစည်းမှာ ဦးစိုးသိမ်းကြီးမှူးသော ဂျီစီဘီအေအသင်းကြီးပင် ဖြစ်သည်။

## လူခွန်တော်နှင့် သဿမေဓစုံစမ်းရေးကော်မရှင်

ထိုသို့ ဆူပူကန့်ကွက်ကြသဖြင့် ၁၉၂၆ ခုနှစ်တွင် အစိုးရက အောက်မြန်မာပြည်ကို စည်းကြပ်သောလူခွန်တော်နှင့် အထက်မြန်မာပြည်တွင် စည်းကြပ်သော သဿမေဓအခွန်တော်များအစား အခြားနည်းလမ်းများဖြင့် အခွန်တော်ကောက်ရန် ဖြစ်နိုင်မည်၊ မဖြစ်နိုင်မည်ကို စုံစမ်းအစီရင်ခံရန် စုံစမ်းရေးကော်မရှင်တစ်ခုပင် ဖွဲ့ပေးခဲ့ရသည်။ ၁၉၂၇ ခုနှစ်တွင် အစီရင်ခံစာ ထွက်လာလေရာ ၎င်းအစီရင်ခံစာတွင် လူခွန်တော်ကို ပယ်ဖျက်၍ အခြားအခွန်တော်များကို အစားထိုးရန်၊ အကယ်၍ လူခွန်နှင့် သဿမေဓခွန်များကို မပယ်ဖျက်လိုလျှင် ထိုစနစ်ဖြင့်ရရှိသော အခွန်တော်

mgyoe.com

mgyoe.com


ငွေမှ သိန်း ၁၀၀ ကို ဒေသန္တရအဖွဲ့များ၏ အသုံးစရိတ်ထဲသို့ ထည့်၍ ပညာသင်ကြားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများအတွက် အသုံးပြုစေသင့်ကြောင်းဖြင့် အကြံဉာဏ်ပေးခဲ့သေးသည်။ သို့သော် လည်း အစိုးရတို့က ထိုအစီရင်ခံစာကို လက်မခံဘဲ လူခွန်တော်နှင့် သဿမေဓခွန်များကို ကောက်မြဲ ဆက်၍ ကောက်ခံလေသည်။

၁၉၂၇ ခုနှစ်တွင် မင်းဘူးမြို့၌ကျင်းပသော ဦးစိုးသိမ်းဂျီစီဘီအေ အသင်းကြီးက လူခွန်တော်နှင့် သဿမေဓအခွန်တော်များ ထမ်းဆောင်ရန် သဘောမတူကြောင်း၊ မရမနေ ကန့်ကွက်ရမည်ဖြစ်ကြောင်းနှင့် ဆုံး ဖြတ်ချက် ချမှတ်ကြသည်။ ထိုမှတစ်ပါး ဂျီစီဘီအေ အမှုဆောင်လူကြီး တစ်ဦးဖြစ်သူ ဆရာစံကြီးမှူးလျက် ပုဂ္ဂိုလ်လေးဦးပါဝင်သော အဖွဲ့တစ်ဖွဲ့ ကို ဖွဲ့ပြီးလျှင် ထိုအဖွဲ့က တောလက်ကျေးရွာများတွင် မည်သို့မည်ပုံ လူခွန်တော်ကောက်ယူပုံ၊ အရာရှိများက မည်သို့အနိုင့်အထက် ပြုလုပ်ပုံ တို့ကို စုံစမ်းအစီရင်ခံရန် တာဝန်ပေးလိုက်လေသည်။

ဆရာစံအမှူးရှိသော လေးဦးကော်မတီသည် သာယာဝတီ၊ ဖျာပုံ၊ ပြည်၊ ကသာ၊ ရွှေဘို၊ မုံရွာ၊ သရက် အစရှိသော အရပ်ဒေသများသို့သွား ၍ တောသူတောင်သားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြလေသည်။

၁၂၉၁ ခုနှစ်တွင် တောင်ငူမြို့၌ ကျင်းပသော ဦးစိုးသိမ်း၏ဂျီစီဘီအေ သင်းလုံးကျွတ် အစည်းအဝေးကြီးတွင် အကယ်၍ အစိုးရတို့က ပြည်သူ တို့၏ဆန္ဒနှင့် ဆန့်ကျင်၍ မြန်မာပြည်ကို အိန္ဒိယမှခွဲထုတ်လျှင် အခွန် တော်မပေးဘဲနှင့် အာဏာဖီဆန်ရေးတို့ကို စတင်လုပ်ကိုင်ရန် ဆုံးဖြတ် ချက် ချမှတ်လိုက်သည်။ အာဏာဖီဆန်ရေး လုပ်ဆောင်နိုင်ရန်အတွက် ရှေ့ဆောင်ရှေ့ရွက်ပြုမည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့များ ဖွဲ့ရန်ကိုလည်း သဘော တူဆုံးဖြတ်ကြသည်။ ထိုအစည်းအဝေးကြီးတွင် ဆရာစံသည် နိုင်ငံ့ဝန် ထမ်းများ ဖွဲ့စည်းရန် အထူးတိုက်တွန်းခဲ့သောပုဂ္ဂိုလ် ဖြစ်လေသည်။

mgyoe.com